ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၄၄) ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်**

**( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၉ ရက် )**

**[ကြာသပတေးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၄)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၄၄)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၄၄)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့

ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၆၆)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၇.၂၁) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၄၄)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးဂမ်ဆိုင်း၊ ကချင်(၂)၊ ကျန်းမာရေး။ ဦးစိုင်းတင်အောင်၊ ကချင်(၅)၊ ဒေသဖွံ့ဖြိုးရေး။ ဦးသိန်းဝင်း၊ စစ်ကိုင်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအေး၊ မန္တလေး(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောသောင်းဖေ၊ မွန်(၈)၊ ဒေသဖွံ့ဖြိုးရေး။ ဦးညိုထွန်း၊ ရခိုင်(၁၁)၊ ကိုယ်ရေးကိုယ်တာ။ ဦးအောင်မြင့်သိန်း၊ ကရင်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းဝင်းမောင်၊ ရှမ်း(၅)၊ ဒေသဖွံ့ဖြိုးရေး။ ဦးခက်ထိန်နန်၊ ကချင်(၁)၊ အစည်းအဝေး။ ဒေါ်နန်းနီနီအေး၊ ကရင်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစံပြည့်၊ ကချင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးထွန်းမြင့်၊ စစ်ကိုင်း(၆)၊ ဒေသဖွံ့ဖြိုးရေး။ ဦးသိန်းလှိုင်၊ စစ်ကိုင်း(၈)၊ ဒေသဖွံ့ဖြိုးရေး။ ဦးမောင်မောင်ကြီး၊ စစ်ကိုင်း(၁၀)၊ ကျန်းမာရေး။ ဦးစိုင်းသန့်ဇင်၊ ရှမ်း(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၄)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၄) ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၅)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၄၉)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းမယ့် မေးခွန်းများဟာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## မိတ္ထီလာမြို့နယ်အတွင်း အမြန်လမ်းမကြီးနှင့် ရေဝေ-သဖန်းချောင်း ဆက်သွယ်သည့် လမ်းအရှည်(၈/၀) မိုင်အား အမာခံလမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးစိုးအောင် က မိတ္ထီလာမြို့နယ်အတွင်း အမြန်လမ်းမကြီးနှင့် ရေဝေ-သဖန်းချောင်း ဆက်သွယ်သည့် လမ်းအရှည်(၈/၀)

မိုင်အား အမာခံလမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဥ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဦးစိုးအောင်၊ မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၁)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာသော ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ ဒုတိယဝန်ကြီးနဲ့ ဖိတ်ကြားထားသောဧည့်သည်တော်၊ ကော်မရှင်အဖွဲ့ဝင်လူကြီးမင်းများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုးအောင် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမားအကျိုးစီးပွားမြှင့်တင်ရေး ကော်မတီဝင် လည်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်အရ ဥက္ကဋ္ဌကြီးမှတစ်ဆင့်မေးမြန်းလိုတာကတော့ မိတ္ထီလာမြို့နယ် အတွင်း အမြန်လမ်းမကြီးနှင့် ရေဝေ-သဖန်းချောင်းလမ်းအား ဆက်သွယ်သည့် လမ်းအရှည် (၈/၀) မိုင်အား အမာခံလမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဥ်းတဲ့မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မိတ္ထီလာမြို့နယ် အတွင်း ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးနှင့် ရေဝေး-သဖန်းချောင်း ကတ္တရာလမ်းမကြီးအတွင်း ဆပ်ပြာကျင်းကျေးရွာအုပ်စု၊ ကျောက်ဖူးကျေးရွာအုပ်စု၊ ကြွယ်ကန်ကျေးရွာအုပ်စု ရွာများရှိ ကျောက်ပုံ၊ ဆပ်ပြာကျင်း၊ ဒီးဒုတ်တောင်၊ ဒဟတ်တန်း၊ ဒန်းကုန်း၊ ထနောင်းအိုင်၊ သဘွတ်ကုန်း၊ ထနောင်းကျင်း၊ ကျောက်ဖူးကျေးရွာများတည်ရှိပါတယ်။ ၎င်းကျေးရွာများသည် လမ်းပန်းဆက်သွယ်ရေး ခက်ခဲပြီး မိတ္ထီလာ မြို့နှင့်အခြားမြို့သို့ ဆက်သွယ်သော လမ်းမကြီးများအား အလွယ်တကူ သွားရောက်နိုင်ခြင်းမရှိပါ။ ၎င်းကျေးရွာ(၉)ရွာအား ဖြတ်သန်းပြီး ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ပေးမည် ဆိုပါက ကျေးရွာပေါင်း(၉)ရွာ၊ အိမ်ခြေပေါင်း(၁၀၅၆)၊ လူဦးရေပေါင်း (၄၇၉၉)ဦး တို့၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများ အစစအရာရာ အဆင်ပြေ အကျိုးပြုနိုင်မည် ဖြစ်ပါသည်။

အဆိုပါလမ်းမှာ လမ်းအရှည်(၈/၀)မိုင်ရှိပြီး ၎င်းလမ်း၏လမ်းဘေး ဝဲ/ယာမှာ(၅)မိုင်အတွင်း ကျောက်ရောမြေ၊ ဂဝံမြေအများအပြားရှိရာ လမ်းအားမျက်နှာပြုပြင်၍ ကျောက်ရောမြေခင်းခြင်းအားဖြင့် ဒေသခံပြည်သူများ ရာသီမရွေးသွားလာနိုင်သော အမာခံလမ်းဖြစ်လာနိုင်မည်ဖြစ်ပါတယ်။ ဒေသထွက်ကျောက်ရောမြေ၊ ဂဝံမြေဖြင့်လမ်းခင်းခြင်းဖြင့် ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းထက် (၁)မိုင်လျှင် (၂၄.၃၅)သန်း ကုန်ကျစရိတ် သက်သာစေမည်ဖြစ်ပါတယ်။ ဒေသခံတောင်သူလယ်သမားများမှ လမ်းဖြစ်မြောက်ရေးအတွက် အထူးပင် လိုလားတောင့်တလျက်ရှိနေကြပါတယ် ခင်ဗျား။

သို့ဖြစ်ပါ၍ မိတ္ထီလာမြို့အနယ်အတွင်း အမြန်လမ်းမကြီးနှင့် ရေဝေ-သဖန်းချောင်းလမ်းအား ဆက်သွယ်သည့် လမ်းအရှည်(၈)မိုင်အား အမာခံလမ်းအဖြစ် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊တိုးတက်ရေး ဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်မည့် အစီအစဥ် ရှိ/မရှိ ကို မေးမြန်းလိုပါသည် ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ပလက်ဝမြို့နယ်၊ မြိတ်ဝကျေးရွာအတွက် သောက်သုံးရေ လုံလောက်စွာရရှိရေး၊ ဆိုလာမီးတပ်ဆင်ပေးရေးနှင့် အရှည်ပေ (၇၀)ခန့်ရှိ လူကူးတံတားတစ်စင်း ဆောက်လုပ်ပေးရေးတို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးကြီး ခင်စိုး က ပလက်ဝမြို့နယ်၊ မြိတ်ဝကျေးရွာအတွက် သောက်သုံးရေ လုံလောက်စွာရရှိရေး၊ ဆိုလာမီးတပ်ဆင်ပေးရေးနှင့် အရှည်ပေ(၇၀)ခန့်ရှိ လူကူးတံတားတစ်ခု ဆောက်လုပ်ပေးဖို့နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဗိုလ်မှူးကြီးခင်စိုး (တပ်မတော်သားကိုယ်စားလှယ်)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ အစည်းအဝေးကို တက်ရောက်လာတဲ့ ဒုတိယဝန်ကြီးနဲ့ ကော်မရှင်အဖွဲ့ဝင်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးခင်စိုးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ မြိတ်ဝကျေးရွာအတွက် သောက်သုံးရေ ရရှိရေး၊ ဆိုလာမီးတပ်ဆင်ပေးရေးနှင့် အရှည်ပေ(၇၀)ခန့်ရှိ လူကူးတံတားတစ်စင်း ဆောက်လုပ်ပေးရေးတို့နဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ မြိတ်ဝကျေးရွာဟာဆိုလို့ရှိရင် ချင်းပြည်နယ် အိန္ဒိယနယ်စပ်မှာ တည်ရှိပြီးတော့မှ ပလက်ဝနဲ့မိုင်(၈၀)ခန့်ဝေးတဲ့ ရွာတစ်ရွာဖြစ်ပါတယ်။ ဒီရွာဟာအိမ်ခြေ (၁၅၆)လုံးရှိပြီးတော့မှ အိမ်ထောင်စု(၁၆၅)စုရှိပြီး လူဦးရေကျား၊ မ(၇၆၇)ဦးရှိကြောင်းကိုလည်း သိရှိရပါတယ်။ ကျေးရွာပလက်ဝမြို့နယ်၊ မြို့နဲ့ မိုင်(၈၀)ဝေးပြီး ခရီးကွာဝေးတာရယ် လမ်းပန်းဆက်သွယ်မှုခက်တာနဲ့ လုံခြုံရေးအကန့်အသတ်တွေကြောင့် သွားလာမှုခက်ခဲပြီးတော့ တာဝန်ရှိတဲ့ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ အုပ်ချုပ်ရေး အဖွဲ့အစည်းများဟာ အရောက်အပေါက်နည်းကြောင်းကိုလည်းသိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပလက်ဝကျေးရွာဟာဆိုလို့ရှိရင် အခြေခံပညာမူလတန်းကျောင်း တစ်ကျောင်းရှိပြီးတော့ ကျောင်းသား/ကျောင်းသူ(၁၈၅)ဦး ရှိကြောင်းကိုလည်းတွေ့ရှိရပါတယ်။ ဒီ ကျောင်းဟာဆိုရင် ရွာရဲ့အစွန်မှာတည်ရှိပြီးတော့ ရွာနဲ့ဒီကျောင်းကြားမှာပေ(၇၀)ခန့်ရှိတဲ့ ဒီလျှိုတစ်ခုခြားနေတာကိုလည်းတွေ့ရှိရပါတယ်။ မိုးရာသီမှာဒီလျှိုဟာ ရေတောက်လျှောက်ဝင်နေပြီးတော့မှ သွားလာရေးခက်ခဲတဲ့ နေရာတည်ရှိတဲ့ အတွက်ကြောင့် ကျောင်းသား၊ ကျောင်းသူတွေသွားလာဖို့ ခက်ခဲနေရပါတယ်။ ဒါကြောင့်မို့လို့ ဒါအပြင် ကျေးရွာဟာဆိုလို့ရှိရင် နွေရာသီမှာ နှစ်စဉ်သောက်သုံးရေ အခက်ခဲဖြစ်နေတဲ့ အတွက်ကြောင့်မို့လို့ ကျေးရွာအနီးမှာရှိတဲ့ စိမ့်စမ်းတွေကနေ ဝယ်ယူအသုံးပြုသော်လည်း လောက်ငှမှု မရှိတာ ကိုလည်းသိရှိရပါတယ်။ ဒါကြောင့်မို့လို့ ကျေးရွာရဲ့အရှေ့ဘက်မှာရှိတဲ့ စိမ့်စမ်းရေဟာလည်း ပိုက်နဲ့ ရွာအတွင်းကိုသွယ်ပြီးတော့ စုဆောင်းပြီးဖြန့်ဝေသုံးမယ်ဆိုလို့ရှိရင် သောက်သုံးရေအခက်အခဲအဆင်ပြေမယ်လို့သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြိတ်ဝကျေးရွာမှာ ကျေးရွာပိုင် ဂျင်ဒေါင်းအမျိုးအစား (၅)ကီလိုဝပ် မီးစက် (၁)လုံးရှိသော်လည်း စက်သုံးဆီအခက်အခဲနှင့် မီးစက်ဆီမတတ်နိုင်သောကြောင့်မို့ ဒီဟာကြီးကို ရပ်ထားတာတွေ့ရှိရပါတယ်။ ထို့ကြောင့် ကျေးရွာမီးလင်းရေး၊ မီးရရှိရေးကို အခက်အခဲဖြစ်နေပြီး ဆိုလာမီးစနစ် တပ်ဆင်ရေးကိုလည်း ကျေးရွာလူထု ထံကနေသိရှိရပါတယ်။ နယ်စပ်မှာတော့ ကျွန်တော်တို့ လုံခြုံရေးကန့်သတ်ချက်၊ ခရီးကွာဝေးခြင်း၊ သွားလာမှုခက်ခဲခြင်းကြောင့် နှစ်နိုင်ငံနယ်စပ်မှာ ကျွန်တော်တို့ လုံခြုံရေးတာဝန်ထမ်းဆောင်တဲ့ တပ်ဖွဲ့ဝင်တွေကပဲ ကျန်းမာရေး၊ ပညာရေး၊ အခြား အခက်အခဲတွေကိုလည်း ဒါ ဝိုင်းဝန်း ဆောင်ရွက်ပေးရတဲ့ အနေအထားရှိပါတယ်။

ဒါကြောင့်မို့ ကျွန်တော်တို့ ချင်းပြည်နယ် ပလက်ဝမြို့နယ်မှာ မြိတ်ဝရွာအတွက် ပြည်သူလူထု တင်ပြချက်၊ လိုအပ်ချက်များဖြစ်တဲ့ အောက်ပါမေးခွန်းများကို ဌာနဆိုင်ရာများမှ ပံ့ပိုး ပေးနိုင်ဖို့အတွက်ကို ဥက္ကဋ္ဌကြီး ကနေတစ်ဆင့်မေးမြန်းလိုပါတယ်။ (က)ကတော့ မြိတ်ဝကျေးရွာ မီးလင်းရေး၊ မီးရရှိရေးအတွက် ဆိုလာမီးတပ်ဆင်ပေးနိုင်ခြင်း ရှိ/မရှိ။ (ခ)ကတော့ ကျေးရွာ သောက်သုံးရေ လုံလောက်စွာ ရရှိအောင်အတွက် ရွာနဲ့တစ်မိုင်ခန့်အကွာမှာ စိမ့်စမ်းရေသွယ်ယူပြီးတော့ ရေပိုက်တွေ တပ်ဆင်ပေးပြီးတော့ ကျေးရွာအတွင်း အလျား(၈)ပေ၊ အနံ(၄)ပေ၊ အမြင့်(၄)ပေရှိတဲ့ အုတ်ရေစုကန်(၄)လုံး ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ။ (ဂ) ရွာနဲ့ အခြေခံပညာမူလတန်းလွန် ကျောင်းအကြားမှာ အကျယ်ပေ(၇၀)ခန့် ရှိတဲ့လျှိုကို လူကူးတံတား တစ်စင်းဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဗန်းမော်ခရိုင်၊ မိုးမောက်မြို့နယ်၊ ခုံဆင့်ကျေးရွာအုပ်စုတွင် တာပိန်မြစ်ကူးတံတား (RC) ရေလယ်တိုင်များ ပါဝင်သော နှစ်လွှာတစ်ထပ် ဘေလီတံတားတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုင်းမြမောင် က ဗန်းမော်ခရိုင်၊ မိုးမောက်မြို့နယ်၊ ခုံဆင့်ကျေးရွာအုပ်စုတွင် တာပိန်မြစ်ကူးတံတား (RC) ရေလယ်တိုင် များပါဝင်သော နှစ်လွှာတစ်ထပ်ဘေလီတံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဦးစိုင်းမြမောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါလို့ ဦးစွာပထမ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ မိုးမောက်မြို့နယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းမြမောင် ဖြစ်ပါတယ်။ ဒီနေ့ကျွန်တော်မေးမြန်းမယ့် မေးခွန်းကတော့ ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ မိုးမောက်မြို့နယ်ရှိ ခုံဆင့်ကျေးရွာအုပ်စုတွင် တာပိန်မြစ်ကူးတံတား RC ရေလယ်တိုင်များ ပါဝင်သော နှစ်လွှာတစ်ထပ် ဘေလီတံတား တည်ဆောက်ပေးနိုင်ပါရန်နဲ့ တည်ဆောက်ပေးနိုင်မှု အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ မိုးမောက်မြို့နယ်၊ ခုံဆင့်ကျေးရွာအုပ်စုအပါအဝင် ကျေးရွာအုပ်စု(၈)အုပ်စုရှိ အိမ်ထောင်စု(၂၉၂၃)စု၊ လူဦးရေ(၁၃၉၇၉) ဦးရှိ ပြည်သူများဟာ လမ်းပန်းဆက်သွယ်ရေးကို ယခင်က တာပိန်မြစ်ကြောင်းကို အဓိကထားပြီး နွေ၊ မိုး၊ ဆောင်းသွာလာနိုင်ခဲ့သော်လည်းပဲ ယခုအခါ တာပိန်ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်မှု အပါအဝင် အခြားအကြောင်း အမျိုးမျိုးကြောင့် မြစ်ရေစီးကြောင်း ပြောင်းလဲပျက်စီးတိမ်ကောလာပြီး ဒီရေကဲ့သို့ အတက်အကျရှိလာပါတယ်။ ရေကြောင်းလမ်းကို မိုးရာသီတွင်သာ သွားလာနိုင်ပြီး နွေရာသီနှင့် ဆောင်းရာသီမှာ သွားလာ၍မရတော့ဘဲ ကုန်းလမ်းကိုသာ အားထားလာရပါတယ်။ ကုန်းကြောင်းခရီး အဖြစ် မြစ်ကြောင်းကျဉ်းတဲ့နေရာမှာ ပေါ်ထွန်းပြီးမှ ပင်ပန်းခက်ခဲစွာ သွားလာနေကြပါတယ်။

ဒါကြောင့် မြစ်ကူးတံတားမှာ မရှိမဖြစ် အရေးတကြီးလိုအပ်နေပါတယ်။ အဲဒီလိုအပ်ချက်ကြောင့် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးဆောင်တဲ့ အစိုးရအဖွဲ့မှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေ ကျပ်သိန်း(၄၀၀)ဖြင့် မတည်ပြီး ကျေးရွာလူထုရဲ့ငွေအား လူအားပါဝင်မှုဖြင့် အလျားပေ(၅၀၀)၊ အကျယ် (၁၂)ပေရှိတဲ့ သစ်သားတံတားကို ၃၁-၃-၂၀၁၃ ရက်နေ့မှာ တည်ဆောက်ပြီးစီးခဲ့ပြီး ၈-၅-၂၀၁၃ ရက်နေ့မှာ တံတားဖွင့်ပွဲကျင်းပခဲ့ပါတယ်။ အဲဒီနှစ်မိုးဦးကျ ၁၀-၈-၂၀၁၃ နေ့မှာ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မန်နောင်တံတားပြိုပျက်မျောပါကာ ၎င်းတံတားကို လာရောက်ငြိပါပြီး တံတားကြီးမှာ အခါပင်မလည်ဘဲ ရေထဲမျောပါခဲ့ပါတယ်။ ဒေသခံပြည်သူများက မိမိတို့လုပ်အား ငွေအားများဖြင့် နှစ်စဉ်ဝါးတံတားကို တည်ဆောက်လိုက် ရေကဖျက်လိုက် သမင်မွေးလိုက်၊ ကျားစားလိုက်နှင့် အခက်အခဲများ တွေ့ကြုံနေကြရပါတယ်။ အခိုင်အမာ တည်ဆောက်မယ်ဆိုလို့ရှိရင် ကျပ်သိန်း(၉၀၀၀)ကျော်ကုန်ကျမယ်လို့ ခန့်မှန်းသိရှိရပါတယ်။ ဒါကြောင့် ၎င်းကိစ္စကို နိုင်ငံတော်အဆင့်မှ ကူညီပံ့ပိုးမှုမှသာလျှင် ပြေလည်နိုင်မည်ဟု ယုံကြည်မိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တံတားတည်ဆောက်မည့်နေရာဟာ တာပိန်မြစ်ရဲ့ အကျဉ်းဆုံးနေရာဖြစ်ခြင်း၊ မြစ်ကမ်းနှစ်ဖက်မြေသားခိုင်မာမှုရှိခြင်း၊ ဒေသတစ်ခုလုံး၏အလည်ဗဟိုဖြစ်ခြင်း၊ တောင်သူများအနေဖြင့် တာပိန်မြစ်ရဲ့အရှေ့ဘက်ကမ်းမှာရှိတဲ့ လယ်ယာလုပ်ငန်းခွင်သို့ လွယ်ကူ စွာသွားလာလုပ်ကိုင်နိုင်ပြီး သီးနှံများကို အိမ်သို့လွယ်ကူစွာသယ်ယူနိုင်ခြင်း၊ တာပိန်မြစ်ရေစီးဆင်းမှုအားနည်းသော ဆောင်းရာသီ၊ နွေရာသီအချိန်တွင် ဒေသမှထွက်သော ဆန်စပါး၊ ကောက်ပဲသီးနှံများကို ကားဖြင့် ဗန်းမော်သို့လည်းကောင်း၊ မိုးမောက်သို့လည်းကောင်း လွယ်ကူစွာ သွားလာနိုင်ခြင်း၊ မိုးလဲဒေသမှ ဧကမြောက်များစွာရှိသော မြေလွတ်မြေရိုင်းများကို လယ်ယာမြေအဖြစ်ဖော်ထုတ် လုပ်ကိုင် နိုင်ခြင်းစသည့် အကျိုးသက်ရောက်မှုများကို ရရှိလာနိုင်မှာဖြစ်ပါတယ်။


တာပိန်မြစ်ကူးတံတားတည်ဆောက်ပေးခြင်းအားဖြင့် အကျိုးသက်ရောက်မှုများမှာ ကျေးရွာအုပ်စု(၈)ခုဖြစ်တဲ့ ခုံဆင့်ကျေးရွာအုပ်စု၊ မန်နောင်ကျေးရွာအုပ်စုနှင့်ဆီကျေးရွာအုပ်စု၊ ဇီကော်ကျေးရွာအုပ်စု၊ သိမ်သော်ကျေးရွာ၊ ချောင်းဝကျေးရွာ၊ ကမ်းပါးတိမ်ကျေးရွာ၊ ဟဲလုံကျေးရွာစတဲ့ ကျေးရွာအုပ်စု(၈)စုနဲ့ အိမ်ထောင်စုပေါင်း (၂၉၂၃)စု၊ လူဦးရေ(၁၃၉၇၉)၊ လယ်ဧက(၈၅၃၀)၊ မူလတန်းကျောင်း(၅)ကျောင်း၊ မူလွန်ကျောင်း(၄)ကျောင်း၊ အလယ်တန်းကျောင်း(၂)ကျောင်း၊ အထက်တန်းခွဲ ကျောင်းတစ်ကျောင်းနဲ့ ကျန်းမာရေးဌာနပေါင်း(၇)ခု ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို power point နဲ့ တင်ပြခွင့် ပြုပါရန် ပန်ကြားအပ်ပါတယ်ခင်ဗျား။ အဲဒါကတော့ ကျွန်တော်တို့ တံတားဖွင့်ပွဲမှာ ဖွင့်ခဲ့တဲ့ပုံလေး ဖြစ်ပါတယ်။ အဲဒါက ဒီတံတားက ကျွန်တော်တို့ လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့အတွက်ကြောင့် ဒီတံတားကို ဖြစ်မြောက်အောင် တည်ဆောက်ပြီးတဲ့အတွက် ပြည်သူလူထုကနေ ဝမ်းပန်းတသာနဲ့ စည်စည် ကားကားနဲ့ တံတားဖွင့်ပွဲကို လာရောက်တက်ရောက်တဲ့ ပုံဖြစ်ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ တံတား မရှိခင်မှာ ဆောင်းရောက်နွေရောက်လို့ရှိရင် အဲဒါဝါးတံတားလေးကို နှစ်စဉ်နှစ်တိုင်း အဲဒီလိုဆောက် ပြီးမှ ဖြတ်သန်းသွားလာနေရတဲ့ အနေအထားရှိပါတယ်။ အဲဒီတော့ တည်ဆောက်ပြီး စီးသွားတဲ့ တံတားရဲ့ အနေအထားက တိုင်တွေကိုစိုက်ပြီးတော့မှ တည်ဆောက်နေရတဲ့အနေအထား ရှိပါတယ်။ ကျွန်တော်တို့ ဒီချောင်းကြီးဟာ တောင်ပေါ်ကနေပြီးတော့မှ စီးဆင်းလာတဲ့ ချောင်းရေ ဖြစ်ပါတယ်။ တောင်ကျရေ မိုးသည်းထန်စွာရွာတဲ့အခါမှာ တောင်ကျရေတွေကျလာတဲ့အခါမှာ သစ်တွေ၊ ဝါးတွေ၊ အမှိုက်သရိုက်တွေကို မျှောပါလာလို့ရှိရင် အဲဒီမှာလွယ်ကူစွာ ငြိပြီးတော့မှ ဒါဘယ်လိုမှ ရေရှည်ခိုင်မြဲမယ့် အနေအထား မဟုတ်ပါဘူး။ ဒါကြောင့်မို့ ကျွန်တော်တို့ RC ရေလယ်တိုင်ပါဝင်တဲ့ တံတားကြီး တည်ဆောက်ပြီးမှသာလျှင် ဒါ အဆင်ပြေမယ်လို့ ကျွန်တော့်အနေနဲ့ ထင်မြင်ယူဆပါတယ်။ ဒါ ကျွန်တော်တို့ မြေပုံကြမ်းဖြစ်ပါတယ်။

ကျေးရွာအုပ်စု(၈)စုဟာ ဒီတာပိန်မြစ်ရဲ့ အနောက်ဘက်ခြမ်းမှာ တည်ရှိပြီးတော့မှ ဒါလယ်ယာလုပ်ငန်းခွင်ကတော့ အရှေ့ဘက်ကမ်းမှာ တည်ရှိပါတယ်။ အဲဒီတော့ မြေပုံပါအတိုင်း တံတားကြီး တည်ဆောက် ပြီးစီးသွားလို့ရှိရင် ဒါ ဗန်းမော်၊ မိုးမောက်တို့ကို အလွယ်တကူနဲ့ သွားလာနိုင်မှာ ဖြစ်ပါတယ်လို့ တင်ပြအပ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဖော်ပြပါ ကျေးရွာအုပ်စု(၈)အုပ်စု၊ အိမ်ထောင်စုပေါင်း (၂၉၂၃)စုနဲ့ လူဦးရေပေါင်း (၁၃၉၇၉)ဦးတို့အတွက် သွားလာရေးဒုက္ခ တွေ့ကြုံနေရမှု၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးစတဲ့ လူမှုရေးရာများ နိမ့်ကျနေမှုကို မြှင့်တင်ပေးသောအားဖြင့် ဆင်းရဲနွမ်းပါးမှုများ လျော့ချပေးမှုကို အကောင်အထည်ဖော်သောအားဖြင့် ပထမဦးစားပေး အစီအစဉ်အဖြစ် ရေရှည်ခိုင်ခန့်တဲ့ RC ကမ်းကပ်ခုံ(၂)ခု၊ RC ရေလယ်တိုင်များအပေါ် နှစ်လွှာတစ်ထပ် ဘေလီသံဘောင်များ၊ စတီးကြမ်းခင်းများပါဝင်တဲ့ တံတားကြီးတစ်ခုဖြစ်ပေါ်လာရေးအတွက် မဖြစ်မနေ အရေးကြီးလိုအပ်နေပါသောကြောင့် တည်ဆောက်ပေးနိုင်ပါရန်နဲ့ တည်ဆောက်ပေးနိုင်မည့် အစီအစဉ် ရှိ/မရှိ လေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

မန်နောင်တံတားဖွင့်ပွဲပုံ (၉၉)




မန်နောင်တံတားဖွင့်ပွဲသို့ တက်ရောက်လာသော ဒေသခံများပုံ (၉၉-၁)




ရေစီးအားကြောင့် မန်နောင်တံတား ပျက်စီးနေပုံ (၉၉-၂)



**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၂။**

**ဒေါက်တာအောင်မြတ်ဦး (ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေခင်ဗျား။ ကျွန်တော် ကတော့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနက ဒုတိယဝန်ကြီး ဒေါက်တာအောင်မြတ်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၁)က လွှတ်တော် ကိုယ်စားလှယ်ကြီး ဦးစိုးအောင်ရဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး ဦးစွာ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ် အမြန်လမ်းမကြီးနဲ့ ရေဝေ-သဖန်းချောင်းလမ်း ဆက်သွယ်သည့် လမ်းအရှည်မှာ (၈)မိုင်၊ (၄)ဖာလုံရှိပြီး၊ ကျေးရွာ(၉)ရွာရှိ ပြည်သူလူထု (၄၇၉၉)ဦး တို့ကို အကျိုးပြုပါတယ်။ အဆိုပါလမ်းကို အမာခံဂျင်းလမ်းအဖြစ် ဆောင်ရွက်ရန် ခန့်မှန်းကုန်ကျငွေ မှာ မြေသားလမ်းပြုပြင်ခြင်း (၈)မိုင်၊ (၄)ဖာလုံအတွက် ငွေကျပ်(၁၇.၁၅)သန်း၊ ဂျင်းကျောက်လမ်းခင်း ခြင်း(၈)မိုင်၊ (၄)ဖာလုံအတွက် ငွေကျပ်(၁၈၀.၈၈)သန်း၊ ရေကျော်(၂)စင်း (၁၈၀)ပေအတွက် ငွေကျပ်(၃၆) သန်း၊ စုစုပေါင်းငွေကျပ်(၂၃၄.၀၃)သန်း ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီးအတွင်း မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ ကျေးလက် ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရန်ပုံငွေကျပ် (၁၆၆၁၉.၅၁၆)သန်းနဲ့ ကတ္တရာလမ်း(၄၂)မိုင် (၂)ဖာလုံ၊ ကျောက်ချောလမ်း (၃၀၈)မိုင် (၄)ဖာလုံ၊ မြေသားလမ်း(၂၅၀)မိုင်(၇)ဖာလုံ၊ ကွန်ကရစ်တံတား(၄၀၈) ပေ၊ သစ်သားတံတား(၂၈၆၄)ပေ၊ ကွန်ကရစ်ရေကျော်(၂၁၀၀)ပေနဲ့ ရေပြွန်(၇၄၂)ပေတို့အား ဆောင်ရွက် ရန် ခွင့်ပြုပြီးလည်း ဖြစ်ပါတယ်။

မိတ္ထီလာမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာ ရေးနှစ် ရန်ပုံငွေကျပ်(၉၁၃.၇၄)သန်းနဲ့ ကျောက်ချောလမ်း(၂၆)မိုင် (၇)ဖာလုံ၊ ကွန်ကရစ်တံတား(၆၈) ပေ၊ သစ်တားတံတား(၁၉၈)ပေ၊ ရေကျော်(၂၇၀)ပေ၊ ရေပြွန်(၁၃၂)ပေတို့ကိုလည်း ဆောင်ရွက်ရန် ခွင့်ပြုပြီး ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းလာတဲ့ မိတ္ထီလာမြို့နယ်အတွင်းရှိ အမြန် လမ်းမကြီးနဲ့ ရေဝေ-သဖန်းချောင်းလမ်း ဆက်သွယ်တဲ့ လမ်းကို မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ ကျေးလက် ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေမှာ လျာထားတင်ပြခြင်း မရှိသေးပါကြောင်းနဲ့ လတ်တလောမှာ ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးခင်စိုး မေးခွန်းနဲ့ ပတ်သက်ပြီး ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ချင်းပြည်နယ်အတွင်း မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ်(၇၄၁.၂)သန်းနဲ့ ဆိုလာမီးလင်းရေးကျေးရွာ (၂၇)ရွာ၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေကျပ် (၆၁.၂)သန်းနဲ့ ဆိုလာစနစ်နဲ့ မီးလင်းရန် ကျေးရွာ(၁၀)ရွာတို့ကို လျာထားခွင့်ပြုခဲ့ပြီး ဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ပလက်ဝ မြို့နယ်ရှိ ဆမီး၊ မိတ်ဆာဝ၊ သူဌေးကုန်းကျေးရွာ(၃)ရွာမှ အိမ်ခြေ(၇၆၇)လုံး၊ ဆိုလာစနစ်နဲ့ မီးလင်းရေးအတွက် ကျပ်(၁၅၃.၄)သန်း ခွင့်ပြုခဲ့ပါတယ်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာလည်း ပလက်ဝမြို့နယ်အတွင်း ကျေးရွာ(၆)ရွာကို ဆိုလာ စနစ်နဲ့ မီးပေးနိုင်ဖို့ ကုန်ကျငွေကျပ်(၃၆.၆)သန်း လျာထားတင်ပြထားပါတယ်။ ချင်းပြည်နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရန်ပုံငွေကျပ်(၁၁၆၃.၆) သန်းနဲ့ရေကန်(၉)ကန်၊ စိမ့်စမ်းရေသွယ်ယူခြင်း(၅၃)ခု၊ စုစုပေါင်း ရေရရှိရေးလုပ်ငန်း(၆၂)ခု ဆောင်ရွက် ရန် ခွင့်ပြုပြီး ဖြစ်ပါတယ်။ ပလက်ဝမြို့နယ်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရန်ပုံငွေကျပ်(၁၀၇.၅)သန်းနဲ့ ကျေးရွာ(၆)ရွာမှာ ရေကန်(၁)ကန်၊ စိမ့်စမ်း ရေသွယ်ယူခြင်း(၅)ခု၊ စုစုပေါင်း ရေရရှိရေးလုပ်ငန်း(၆)ခု ဆောင်ရွက်လျက်ရှိပြီးတော့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေကျပ် (၂၈၃.၅)သန်းနဲ့ ကျေးရွာ(၁၇)ရွာမှာ ရေကန်(၁)ကန်၊ စိမ့်စမ်းရေသွယ်ယူ ခြင်း(၁၆)ခု၊ စုစုပေါင်း ရေရရှိရေးလုပ်ငန်း(၁၇)ခု ဆောင်ရွက်ရန် လျာထားတင်ပြထားပါတယ်။

ချင်းပြည်နယ်၊ ပလက်ဝမြို့နယ် မြိတ်ဝကျေးရွာအုပ်စု၊ မြိတ်ဝကျေးရွာ အခြေခံပညာမူလတန်း လွန်ကျောင်းအနီးမှာရှိတဲ့ သစ်သားတံတား(၃၅)ပေရဲ့ လက်ရှိအခြေအနေမှာလည်း ဟောင်းနွမ်းပြီး ပြန်လည်တည်ဆောက်ရန် လိုအပ်တဲ့ တံတားဖြစ်နေပါတယ်။ အိမ်ခြေ(၁၅၇)အိမ်ရှိ ပြည်သူလူထု (၇၆၀) ဦးတို့ကိုလည်း အကျိုးပြုပါတယ်။ အဆိုပါ တံတား၊ သစ်သားတံတား(၃၅)ပေ တည်ဆောက်ပါက ငွေကျပ် (၂၁)သန်းခန့် ကုန်ကျမှာပဲဖြစ်ပါတယ်။ ချင်းပြည်နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီး ဌာနရဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ရန်ပုံငွေကျပ်(၆၄၂၂.၄၆၇)သန်းနဲ့ ကတ္တရာလမ်း(၉)မိုင်၊ ကျောက်ချော လမ်း(၂၅)မိုင် (၃)ဖာလုံ၊ မြေသားလမ်း(၂၇၃)မိုင် (၂)ဖာလုံ၊ သစ်သားတံတား (၈၄၀)ပေ၊ ရေပြွန် (၅၀၀) ပေတို့ကို ဆောင်ရွက်ရန် ခွင့်ပြုပြီး ဖြစ်ပါတယ်။

ပလက်ဝမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာ ရေးနှစ် ခွင့်ပြုရန်ပုံငွေ (၃၄၉.၇၅)သန်းနဲ့ ကျောက်ချောလမ်း(၅)မိုင်နဲ့ သစ်သားတံတား(၁၂၀) ပေတို့ကို ဆောင်ရွက်ရန် ခွင့်ပြုပြီး ဖြစ်ပါတယ်။

တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဗိုလ်မှူးကြီးခင်စိုး မှ တင်ပြလာတဲ့ ပလက်ဝမြို့နယ်၊ မြိတ်ဝကျေးရွာအုပ်စု၊ မြိတ်ဝကျေးရွာအတွက် ဆိုလာမီးလင်းရေး၊ သောက်သုံးရေရရှိ ရေးနဲ့ သစ်သားတံတားတည်ဆောက်ခြင်း လုပ်ငန်းများကို မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ လျာထားတင်ပြထားခြင်း မရှိသေးပါကြောင်းနဲ့ လတ်တလောဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ကချင်ပြည်နယ် အမှတ်(၁၀)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးစိုင်းမြမောင် ရဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ်၊ ခုံဆင့်ကျေးရွာအုပ်စု၊ ခုံဆင့်ဟောင်းကျေးရွာနဲ့ ခုံဆင့်သစ်ကျေးရွာကြားမှာရှိတဲ့ တာပိန်မြစ်ကူးတံတားမှာတော့ မိုးမောက်မြို့နယ်၊ ဟသ်ာ-စီကော်-ခုံဆင့်ဟောင်း-ခုံဆင့်သစ်- အောင်တံခွန်ကျေးရွာများနဲ့ ဗန်းမော်မြို့နယ် ချောင်း၀-ကမ္ဘာနီ-ဟဲလုံသစ်ကျေးရွာများကို ဆက်သွယ်ထားတဲ့ လမ်းကြောင်းပေါ်မှာ တည်ရှိပြီးတော့ အိမ်ခြေ(၂၉၂၃)အိမ်ရှိ လူဦးရေ(၁၃၉၇၉)ဦးတို့ကို အကျိုးပြုတဲ့ တံတားဖြစ်ပါတယ်။

အဆိုပါ တံတားရဲ့ အရှည်(၅၄၀)ပေကို ဘေလီသံဘောင်၊ သံကူကွန်ကရစ်ရေလယ်တိုင်ဖြင့် တည်ဆောက်ပါက ငွေကျပ်(၁၀၈၀.၀၀)သန်း ကုန်ကျမှာ ဖြစ်ပါတယ်။ ကချင်ပြည်နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရန်ပုံငွေ (၇၀၂၇.၆၈၁) သန်းဖြင့် ကတ္တရာလမ်း(၂၀)မိုင်၊ ကျောက်ချောလမ်း(၆၀)မိုင် (၆)ဖာလုံ၊ မြေသားလမ်း(၇၉)မိုင် (၂)ဖာလုံ၊ ကွန်ကရစ် တံတား(၂၀၀)ပေ၊ သစ်သားတံတား(၁၇၄၅)ပေနဲ့ ရေပွိုက်(၆၃၈)ပေတို့ကို ဆောင်ရွက်ရန် ခွင့်ပြုပြီး ဖြစ်ပါတယ်။ မိုးမောက်မြို့နယ်အတွင်းမှာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာ ရေးနှစ် ရန်ပုံငွေ ကျပ်(၅၆.၆၅)သန်းနဲ့ ကျောက်ချောလမ်း (၁)မိုင်၊ (၁.၃)ဖာလုံကို ဆောင်ရွက်ရန် ခွင့်ပြုပြီး ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးမှ မေးမြန်းလာတဲ့ မိုးမောက်မြို့နယ်၊ ခုံဆင့်ကျေးရွာအုပ်စု၊ ခုံဆင့်ဟောင်းကျေးရွာနဲ့ ခုံဆင့်သစ်ကျေးရွာကို ဆက်သွယ်ထားတဲ့ တာပိန်မြစ်ကူး တံတားမှာ ကျွန်တော်တို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ လျာထားထားခြင်း မရှိသေးပါကြောင်းနဲ့ အဆိုပါ တံတားတည်ဆောက်မည်ဆိုပါက အသေးစိတ် ကွင်းဆင်းပြီးတော့ Soil Test များ ပြုလုပ်ခြင်း၊ နည်းပညာကျွမ်းကျင်တဲ့ အင်ဂျင်နီယာများမှာ Structure Design တွက်ချက်ခြင်းတို့ကို ဆောင်ရွက်ရန် လိုအပ်မှာလည်း ဖြစ်ပါတယ်။ တင်ပြပါ တံတားဟာ ကျေးရွာခြင်းဆက်လမ်းပေါ်မှာတည်ရှိသော်လည်း မြစ်ကူးတံတား ဖြစ်နေပါသဖြင့် တံတားတည်ဆောက် ရေးအတွက် တံတားအထူးအဖွဲ့ လိုအပ်ခြင်း၊ အထောက်အကူပြု ပစ္စည်းများမရှိခြင်းတို့ကြောင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနဲ့ ညှိနှိုင်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လတ်တလောမှာ ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်းနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေး အစီအစဉ်အတိုင်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာခြင်းအား အသိပေး တင်ပြခြင်း**

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာသော အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ၂၀-၃-၂၀၁၅ ရက်နေ့တွင် ပညာရေးဝန်ကြီးဌာန၊

ပြည်ထောင်စုဝန်ကြီးက အဆိုတင်သွင်းပြီး ၂၆-၃-၂၀၁၅ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော် က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၀း၃၀။**

ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၁၀-၄-၂၀၁၅ ရက်(သောကြာနေ့) ၁၆း၀၀ နာရီထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်မှ ဒသမပုံမှန်အစည်းအဝေးအထိ ဆောင်ရွက်မှုအခြေအနေနှင့် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆောင်ရွက်မှုအခြေအနေများ၊ ကွင်းဆင်းစိစစ်ရေးအဖွဲ့(၂)ဖွဲ့၏ တွေ့ရှိချက်များနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်မှ ဒသမပုံမှန် အစည်းအဝေးအထိ ဆောင်ရွက်မှု အခြေအနေနှင့် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆောင်ရွက်မှု အခြေအနေများ၊ ကွင်းဆင်းစိစစ်ရေး အဖွဲ့(၂)ဖွဲ့၏ တွေ့ရှိချက်များနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ် နှစ်ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှိုင်ဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၁။**

**ဦးလှိုင်ဦး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော် ကော်မတီ၊ ကော်မရှင်အဖွဲ့ဝင်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်

အမှတ်(၁၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှိုင်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာမှာပါရှိတဲ့ ကတိကဝတ်ဖြစ်ခဲ့တဲ့ ကြယ်ပွင့်မပြမေးခွန်း(၃)ခုနဲ့ ပတ်သက်ပြီးတော့ တင်ပြဆွေးနွေးလိုတာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီက တင်ပြခဲ့တဲ့ အစီရင်ခံစာဟာ စနစ်တကျ လေ့လာစိစစ်သုံးသပ် တင်ပြထားတဲ့ အစီရင်ခံစာဖြစ်ကြောင်းနဲ့ ကော်မတီရဲ့ သုံးသပ်အကြံပြုချက်များသည် ပကတိ အခြေအနေမှန်များအပေါ် သုံးသပ်အကြံပြုချက်များဖြစ်ကြောင်း လေ့လာတွေ့ရှိရတဲ့အတွက် ကော်မတီရဲ့ အစီရင်ခံစာကို ကျွန်တော်အနေနဲ့ သဘောတူလက်ခံကြောင်း ပထမဦးစွာ တင်ပြအပ်ပါတယ်။

သို့သော်လည်း ကော်မတီရဲ့ အစီရင်ခံစာမှာ ပါရှိတဲ့ နောက်ဆက်တွဲ(က) စာမျက်နှာ(၂)။ လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာန၊ ဇယားအမှတ်စဉ်(၃)၊(၄)၊(၆)တို့နဲ့ စပ်လျဉ်းတဲ့ ကျွန်တော်ရဲ့ မဲဆန္ဒနယ်မြေအတွင်း ကတိကဝတ်ဖြစ်ခဲ့ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၉-၁-၂၀၁၅ ရက်နေ့ ရက်စွဲပါစာအမှတ် ၇/၄၄၅ ၂-ပသ/အဖရ ၂၀၁၅ အရ ပေးပို့လာတဲ့ ဖြစ်ပေါ်ဆဲ ကတိကဝတ် ကိစ္စရပ်များအနက်မှ ပယ်ဖျက်ရန်လိုအပ်သည့် ကတိကဝတ်များတွင် ပါဝင်နေတဲ့ ကတိကဝတ်(၃)ခုနဲ့ ပတ်သက်ပြီးတော့ အနည်းငယ် တင်ပြဆွေးနွေးခွင့်ပြုပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့ရဲ့ မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ပြောဆိုဆုံးမမှာကြားချက်များကို အလေးအနက် မှတ်သားနာယူပြီး လွှတ်တော်ရပ်နားချိန်ကာလများမှာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေ အနေနဲ့ မိမိတို့ ကိုယ်စားပြုရာ မဲဆန္ဒနယ်မြေ အတွင်းမှာရှိတဲ့ ဒေသခံပြည်သူလူထုကို တွေ့ဆုံနိုင်ရေးအတွက် ကျေးရွာများအရောက် ကွင်းဆင်းတွေ့ဆုံပြီး ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒနှင့် ပြည်သူတို့၏ လိုအပ်ချက်၊ ပြောဆိုဆွေးနွေးချက်များကို နာယူမှတ်သားခြင်းများ ပြုလုပ်ခဲ့ပါတယ်။

ကျွန်တော်အနေနဲ့ ကျွန်တော့်မဲဆန္ဒနယ်မြေအတွင်းရှိ လပွတ္တာမြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာခွဲတိုင်းကို သွားရောက်ပြီးတော့ ပြည်သူတွေကို တွေ့ဆုံနိုင်ခြင်း မရှိပေမယ့် ကျေးရွာအုပ်စု၊ ကျေးရွာကြီးများမှာ ကျေးရွာအုပ်စုတစ်ခုလုံးမှာရှိတဲ့ ကျေးရွာအသီးသီးကနေပြီးတော့ မိဘပြည်သူတွေကို ဖိတ်ကြားပြီးတော့ တွေ့ဆုံမှု အစီအစဉ်များ ဆောင်ရွက်ခဲ့ပါတယ်။ ကျေးရွာအုပ်စု၊ ကျေးရွာကြီးများကို ကွင်းဆင်းတွေ့ဆုံခြင်း၊ ဒေသခံမိဘပြည်သူများ၏ တင်ပြပြောဆိုဆွေးနွေးချက်များ၊ ဒေသ၏ လိုအပ်ချက်များအပေါ် ဆောင်ရွက်ပေးစေလိုသည့် အချက်များကို နာယူမှတ်သားခဲ့ပါတယ်။ တင်ပြပြောဆိုဆွေးနွေးချက်များနဲ့ ဆောင်ရွက်ပေးစေလိုတဲ့ အချက်များကို ကိုယ်တိုင်ကြည့်ရှုလေ့လာသုံးသပ်ပြီး အမှန်တကယ်ဆောင်ရွက်ပေးရန် လိုအပ်သည့် အချက်များကိုသာ ဦးစားပေး အစီအစဉ်အလိုက် ဆွေးနွေးတိုင်ပင်ညှိနှိုင်းရွေးချယ်ခဲ့ပါတယ်။ ဆွေးနွေးတိုင်ပင်ညှိနှိုင်း ရွေးချယ်ထားတဲ့ အချက်များကို ကြယ်ပွင့်ပြ၊ ကြယ်ပွင့်မပြမေးခွန်းများအဖြစ် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဆက်လက်တင်ပြ မေးမြန်းဆောင်ရွက်ခဲ့ပါတယ်။

ယခု ကတိကဝတ်ဖြစ်ပေါ်ခဲ့တဲ့ ကြယ်ပွင့်မပြ မေးခွန်း(၃)ခုမှာ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလမှ ဖေဖော်ဝါရီလအတွင်း ကျင်းပခဲ့တဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော်၊ နဝမအကြိမ်မြောက် ပုံမှန်

အစည်းအဝေးသို့ တင်ပြမေးမြန်းခဲ့တဲ့ ကြယ်ပွင့်မပြမေးခွန်းများ ဖြစ်ပါတယ်။ မေးခွန်း(၃)ခုနဲ့ ပတ်သက်ပြီးတော့လည်း လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ကိုယ်တိုင်လက်မှတ်ရေးထိုးပြီး ပြည်ထောင်စုအစိုးရအဖွဲ့က အမျိုးသားလွှတ်တော်က တစ်ဆင့် ပေးပို့ခဲ့တဲ့ ကတိကဝတ်ဖြစ်ပေါ်ခဲ့တဲ့ ပြန်ကြားစာကိုလည်း ရရှိခဲ့ပါတယ်။ အဆိုပါ ပြန်ကြားစာကို မိတ္တူပွားပြီးတော့သက်ဆိုင်ရာ နယ်မြေအတွင်းမှာရှိတဲ့ ဒေသခံတောင်သူလယ်သမားများ ထံသို့လည်း ဝမ်းမြောက်ဝမ်းသာဖြစ်စေနိုင်ရေးအတွက် ပေးပို့ဖြန့်ဝေ တင်ပြခဲ့ပါတယ်။ ဒေသခံ တောင်သူလယ်သမားများအနေနဲ့လည်း မိမိတို့ရဲ့ ဆန္ဒနဲ့ မျှော်လင့်ချက်များ ပြည့်ဝတော့မယ်ဆိုပြီးတော့ ဝမ်းမြောက်ဝမ်းသာစွာနဲ့ ကျေးဇူးတင်စကားပြန်ကြားခဲ့ကြတာကို ကျွန်တော်တို့ ကြားသိခဲ့ရပါတယ်။

သို့သော်လည်း ယခုအချိန်မှာတော့ အစီရင်ခံစာအရ မျှော်လင့်စောင့်စားခဲ့တဲ့ ဆန္ဒနဲ့ မျှော်လင့်ချက်တွေ ပျက်ပြယ်တော့မှာမို့ စိတ်မကောင်းဖြစ်ရ၊ စိတ်မသက်မသာဖြစ်ရပါကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနဲ့တကွ တာဝန်ရှိသူများအားလုံးကို လပွတ္တာမြို့နယ်မှာရှိတဲ့ ဒေသခံ တောင်သူလယ်သမားများ၏ကိုယ်စား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်ခင်ဗျား။

ယခုကိစ္စနဲ့ ဆက်စပ်ပြီး လပွတ္တာမြို့နယ်မှာရှိတဲ့ ဒေသခံတောင်သူလယ်သမားများက ဥက္ကဋ္ဌကြီးမှတစ်ဆင့် ထပ်မံတင်ပြလိုတာကတော့ မြန်မာနိုင်ငံတစ်နိုင်ငံလုံး၏ ဆန်စပါးစိုက်ပျိုး ထုတ်လုပ်မှုအများဆုံးဖြစ်တဲ့ ဧရာဝတီတိုင်းဒေသကြီး အတွင်းမှာရှိတဲ့ တစ်နိုင်ငံလုံး မိုးစပါးစိုက်ဧက အများဆုံး မြို့နယ်ဖြစ်တဲ့ လပွတ္တာမြို့နယ်သို့ တစ်ခါတစ်ခေါက်လောက်ဖြစ်စေ ပြည်ထောင်စုဝန်ကြီးနဲ့တကွ တာဝန်ရှိသူများကြွရောက်ပြီး နယ်မြေအခြေအနေကို လေ့လာသုံးသပ် ဆောင်ရွက်ပေးပါလို့ တင်ပြကြပါတယ်။ ဒါ့အပြင်လပွတ္တာမြို့နယ်မှာရှိတဲ့ ပြုပြင်ထိန်းသိမ်းဆောင်ရွက်ပေးရန်နှင့် အသစ်ထပ်မံဖြည့်စွက် တည်ဆောက်ပေးရန် လိုအပ်နေတဲ့ ဆည်မြောင်း၊ တာတမံ၊ ရေထိန်းရေထုတ်တံခါးများရဲ့ ပကတိ အခြေအနေမှန်များကိုလည်း ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လပွတ္တာမြို့နယ်အတွင်းမှာရှိတဲ့ တောင်သူလယ်သမားများရဲ့ တွေ့ကြုံနေရတဲ့ အခက်အခဲတွေ၊ တောင်သူလယ်သမားများရဲ့ ဆန္ဒနဲ့မျှော်လင့်ချက်တွေကိုလည်း လေ့လာသုံးသပ်ပြီးတော့ လာရောက်ပြီးဆောင်ရွက်ပေးစေလိုကြောင်း တင်ပြကြပါတယ်။

သို့ဖြစ်ပါ၍ ကော်မတီရဲ့ အစီရင်ခံစာပါ ကတိကဝတ်ဖြစ်ပေါ်ခဲ့သော ကြယ်ပွင့်မပြမေးခွန်း(၃)ခုအပေါ်မှာတော့ ပယ်ဖျက်ရန်လိုအပ်တဲ့ ကတိကဝတ်ဖြစ်ခဲ့တဲ့ ကိစ္စရပ်များအစား ဘဏ္ဍာရေးနှစ်အလိုက် ဘဏ္ဍာငွေ ခွဲဝေရရှိမှုအပေါ်မှာ မူတည်ပြီးတော့ ဆောင်ရွက်သင့်တဲ့ ကတိကဝတ်ကိစ္စရပ်များအဖြစ် မှတ်တမ်းတင်ခွင့်ပြုပါလို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးကတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာခင်ရွှေဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၂။**

**ဒေါက်တာခင်ရွှေ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်ရွှေ ဖြစ်ပါတယ်။ ကျွန်တော်ဆွေးနွေးမယ့် အကြောင်းအရာကတော့ မြို့ရွာနဲ့ အိုးအိမ်ဦးစီးဌာနနဲ့ ကျွန်တော် ဇေကမ္ဘာတို့ အကျိုးတူ ပူးပေါင်းဆောင်ရွက်ခဲ့တဲ့ ရန်ကုန်စက်မှုဇုန်(၄) အကောင်အထည် ဖော်ဆောင်ရွက်ခြင်းနဲ့ ပတ်သက်ပြီးတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရဲ့ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ကနေပြီးတော့ ဆက်လက်ဆောင်ရွက်ပေးနိုင်ရန် ကျွန်တော် ရှင်းလင်းတင်ပြလိုပါတယ်။

ကျွန်တော့်အနေနဲ့ ယခင်ကလည်း ဒီ စက်မှုဇုန်နဲ့ပတ်သက်လို့ တင်ပြပြီး ဖြစ်တဲ့အတွက်ကြောင့် အနည်းအကျဉ်းလောက်ပဲ ကျွန်တော်ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။ ကျွန်တော် ဒီ စက်မှုဇုန် (၄)ဟာ မင်္ဂလာဒုံဥယျာဉ်မြို့တော်ထဲမှာ ရှိပြီးတော့ ကျွန်တော်တို့ ဒီ Project ကြီးရဲ့ အမှတ်(၃)လမ်းမကြီးဘေးပေါ်မှာ တည်ရှိပါတယ်။ အဲဒီတော့ အိုးအိမ်ဦးစီးဌာနနဲ့လည်း ကျွန်တော် ၁၉၉၇ ကနေပြီးတော့ လက်မှတ်ထိုးပြီး၊ ၂၀၀၀ ခုနှစ်မှာစပြီးတော့ အကောင်အထည်ဖော်တဲ့ လုပ်ငန်းဖြစ်ပါတယ်။ ဒီ ကျွန်တော့် မင်္ဂလာဒုံဥယျာဉ်မြို့တော်ရဲ့ တစ်ဆက်တစပ်တည်းမှာရှိတဲ့ ဇုန်ကြီးဖြစ်ပါတယ်။ အဲဒီမှာမှ စက်မှုဇုန်(၁)ကို ကျွန်တော် ၂၀၀၀ ခုနှစ်မှာ လုပ်ပါတယ်။ စက်မှုဇုန် အပိုင်း(၂)ကို ၂၀၀၃၊ အပိုင်း(၃)မှာ ၂၀၀၅ နဲ့ အပိုင်း(၄)ကို ၂၀၀၉ မှာ ကျွန်တော်ဆောင်ရွက်ပါတယ်။ ကျွန်တော် စက်မှုဇုန် (၁)၊(၂)၊(၃)ဆိုရင် ကျွန်တော်(၁၀၀) ရာခိုင်နှုန်း အရင်အစိုးရလက်ထက်ကတည်းက ရောင်းပြီးဖြစ်လို့ ကျွန်တော် စက်ရုံတွေကလည်း (၉၃) ရာခိုင်နှုန်းအထိကို လာရောက်တည်ဆောက်ပြီးလည်း ဖြစ်ပါတယ်။ အားလုံး Infrastructure နဲ့ ပတ်သက်လို့ ပြီးပြီးတော့ စက်ရုံတွေလည်း အကုန်လည်သလောက်ဖြစ်သွားပါပြီ။

အဲဒီတော့ အဲဒါနဲ့ ပတ်သက်ပြီးတော့ နောက်တစ်ခါ စက်မှုဇုန်(၄)ကို စပြီးကျွန်တော် အကောင်အထည်ဖော်ပါတယ်။ အရင်အစိုးရလက်ထက်ကတည်းက ခွင့်ပြုချက်နဲ့ အဲဒီမှာလည်း ကျွန်တော် Infrastructure ဖြစ်တဲ့ လမ်းတွေ၊ ရေမြောင်းတွေ ပြီးပြီးတော့ ကျွန်တော်(၈၀)ရာခိုင်နှုန်း ရောင်းချပြီးဖြစ်ပါတယ်။ ရောင်းချပြီးတော့ ဒီ ကျွန်တော် လ/န-၃၉ ရရှိရေးအတွက်ကို အရင်အစိုးရ လက်ထက်ကတည်းက လုပ်နေရင်းနဲ့ အခု ဒီအစိုးရလက်ထက် အကူးအပြောင်းလေးမှာ ကျန်သွားပါတယ်။ အဲဒီ ကျန်သွားတဲ့ နောက်ပိုင်းမှာမှ သမ္မတကြီးဟာ တက်လာပြီးတော့ ၇-၆-၂၀၁၁ မှာ ဒါ သမ္မတကြီးကနေပြီးတော့ ညွှန်ကြားပါတယ်။ ဒီရန်ကုန်တိုင်း အစိုးရအနေနဲ့ လ/န-၃၉ မလုပ်ပါနဲ့။ ထောက်ခံချက်ပဲပေးပါ။ ပြည်ထောင်စု အဆင့်ကနေ လုပ်မယ်ဆိုလို့ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ နောက် ဦးကျော်လွင်၊ နောက်တစ်ခါ ဦးစိုးတင့်၊ နောက်တစ်ခါ ဆောက်လုပ်ရေးဝန်ကြီးဌာန ညွှန်ချုပ် အပါအဝင် စာ(၆) စောင်ပို့တယ်။ ကျွန်တော်ဆို စာအစောင်(၅၀)ပို့တယ်။ ဒါပေမဲ့ ကျွန်တော်တို့ ရန်ကုန်တိုင်း အစိုးရအဖွဲ့က လုံးဝလုပ်မပေးပါဘူး၊ အဲဒီ လုပ်မပေးတာနဲ့ ပတ်သက်ပြီးတော့ ဘေးက ပယောဂတွေလည်းဝင်လာပါတယ်။ ပယောဂတွေ ဝင်လာပြီးတော့ နိုင်ငံရေးတိုက်ကွက်တွေလည်း အများကြီးဖြစ်လာပါတယ်။

အဲဒီမှာ ကျွန်တော်ကံကောင်းပါတယ်။ ပြည်ထောင်စုလွှတ်တော်ရဲ့ လယ်ယာမြေနဲ့ အခြား မြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများနစ်နာမှုမရှိစေရန် အဲဒီကော်မရှင်ဖွဲ့လိုက်ပြီးတော့ ကော်မရှင် ဥက္ကဋ္ဌ ဒါ ဦးတင်ထွဋ် ကိုယ်တိုင်ဝင်ရောက် ကျွန်တော်တို့ စစ်ဆေးချက်အရ သမ္မတကြီးကနေပြီးတော့ ပြည်ထောင်စုလွှတ်တော်ကို သဝဏ်လွှာပို့ပြီးတော့ ဒါကတိကဝတ် ပထမဦးဆုံးပြုလိုက်တာပါ။ ဦးကျော်စိန် ကနေပြီးတော့ ဒီ ၂၀၀၉ ခုနှစ်မှာ သူက လယ်ယာ (၈၁၅)ဧကကို ကျွန်တော်က သိမ်းပါတယ်။ အဲဒီမှာ တစ်ဧကကို သိန်း(၁၀၀)ပေးရင် ထွက်မယ်ဆိုပြီးတော့ ကျွန်တော့်ကို ငွေညှစ်တယ်ဆိုပြီးတော့ ငွေညှစ်ပြီး တိုင်လိုက်တယ်။ အဲဒီမှာမှ သူတို့စစ်ဆေးတဲ့အခါမှာ လယ်ယာမြေ(၈၁၅)ဧက က ရွှေနံ့သာကျေးရွာမှာ ရှိပြီးတော့ ဇေကမ္ဘာကုမ္ပဏီ ကနေပြီးတော့ တောင်သူလယ်သမားရဲ့ တောင်းဆိုသဘောတူညီချက်အရ (၁)ဧကကို (၃)သိန်းနှုန်းနဲ့ ဂရုဏာကြေးပေးခဲ့တဲ့အတွက်ကြောင့် လယ်သမားတွေက မိမိ ဆန္ဒအရ ရပ်ကွက်ကျေးရွာကိုသွားပြီးတော့ သီးစားတွေသွားလွှဲတယ်။ သီးစားတွေကို ကျွန်တော့် ဇေကမ္ဘာကုမ္ပဏီ က ပြန်လွှဲခဲ့တယ်ဆိုတဲ့အကြောင်း၊ ဒါကြောင့်ရန်ကုန်တိုင်းအစိုးရကနေပြီးတော့ ဒီ သီးစားကို ဇေကမ္ဘာကို ထုတ်ပေးတယ်ဆိုတဲ့အကြောင်း၊ ပြီးတော့မှ အတင်းအဓမ္မ ဝင်စိုက်တဲ့ ဦးကျော်စိန် ပါ လယ်သမား (၂၈)ဦးကို ကုမ္ပဏီကနေ ထောက်ကြန့်ရဲစခန်းမှာ အမှုဖွင့်ထားတယ် ဆိုတဲ့အကြောင်း၊ နောက် လယ်ယာ မြေ(၈၁၅) ကိုလည်း လ/န-၃၉ ရရှိရေးအတွက်ကို မြို့ရွာအိုးအိမ်ဦးစီးဌာနနဲ့ ရန်ကုန်တိုင်း အစိုးရတို့ တင်ပြထားကြောင်း၊ ဒီမြေကို လယ်သမားကို ပြန်မပေးဘူး၊ မစွန့်လွှတ်ကြောင်း၊ ဒါသမ္မတကြီး ကိုယ်တိုင် လက်မှတ်ထိုးပြီးတော့ ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်ကို ပို့ခဲ့ပြီးဖြစ်ပါတယ်။

အဲဒီတော့ ပို့ခဲ့ပြီးနောက်ပိုင်းမှာ ကျွန်တော့်လုပ်ငန်းတွေတော့ပြီးပြီ၊ တိုက်တာ၊ ခိုက်တာတွေ လည်းပြီးပြီဆိုပြီးတော့ ကျွန်တော့်အနေနဲ့ ဆက်လက်တောင်းဆိုတာ မရနိုင်တဲ့ အတွက်ကြောင့် ကျွန်တော် တို့ ပြည်ထောင်စု ကျွန်တော်တို့ ဒီ အမျိုးသားလွှတ်တော် ကတစ်ဆင့် ကျွန်တော်အမေးနဲ့ ကျွန်တော်မေး ပါတယ်၊ ပထမအကြိမ်၊ အဲဒီမှာ စာလေးနဲ့ပဲပြန်လာတယ်။ ဒီ ၂၀၁၂ လယ်ယာမြေ ဥပဒေ ၃၀ (က)ကပဲ လျော်ကြေးပါဆိုလို့၊ ဒါကို ကျွန်တော်မကျေနပ်လို့ ဒုတိယအကြိမ်မှာ ကျွန်တော်ပြန်မေးတဲ့အချိန်မှာ ဒီ ဝန်ကြီး ဦးကျော်လွင် ကိုယ်တိုင်လာရောက်ပြီးဖြေပါတယ်။

သူမဖြေခင်မှာ ဗဟိုလယ်ယာမြေ စီမံခန့်ခွဲရေးအဖွဲ့ ဒုတိယသမ္မတကိုယ်တိုင် ထိုင်ပြီးတော့မှ ပြည်ထဲရေးဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဗဟိုလယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးအဖွဲ့နဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်း အဝေးထိုင်ကြတယ်။ အကြိမ်ကြိမ် ထိုင်ပြီးတော့မှ ကျွန်တော့်ကိုမေးတဲ့ (၄၄၅)ကို ဒါရှေ့နေချုပ်က နေပြီးတော့ အဓိပ္ပာယ်ဖွင့်ပြီးတော့ ဒါမပေးပါဘူးလို့ပြောပါတယ်။ ကျွန်တော်က အခြေခံဥပဒေနဲ့ တင်ပြ တာကို အခြေခံ ခုံရုံးကပဲ အဓိပ္ပာယ်ဖွင့်ရမယ့် ကိစ္စကို ရှေ့နေချုပ်ရုံးက အဓိပ္ပာယ်ဖွင့်ပြီးတော့ ဒါကို ကျွန်တော့် မပေးနိုင်ပါဘူး။ သူတို့အနေနဲ့ ၂၀၁၂ ခုနှစ်မှ ထွက်တဲ့ လယ်ယာမြေဥပဒေအရ ၃၀ အရသာ ပေးနိုင်ပါမယ်။ (က)အရသာပေးနိုင်မယ်ဆိုပြီး လာရောက်ပြီးတော့ ဖြေကြားပါတယ်။ အဲဒီတော့ ဖြေကြား သွားတာကလည်း ကျွန်တော်တို့ဝန်ကြီးဌာန တစ်ခုတည်းအနေနဲ့ ရန်ကုန်တိုင်းအစိုးရအဖွဲ့ အနေနဲ့ ဒီလို လုပ်တာမဖြစ်ဘဲ၊ မဟုတ်ဘဲနဲ့တဲ့ သူကနေပြီးတော့ ဖြေရှင်းတဲ့နေရာမှာ လယ်ယာမြေနဲ့ပတ်သက်လို့ လယ်ဆည်နဲ့ လယ်ယာမြေဌာနကို မေးပါတယ်၊ ပြည်ထဲရေးကိုမေးပါတယ်။ ရန်ကုန်တိုင်းကိုမေးပါတယ်။ အားလုံးကိုမေးပြီးတဲ့ အခါကျမှ သူတို့က ဒါကို ဝန်ကြီးဌာန အနေနဲ့ ပြန်လျော်ကြေးပါဆိုရင်လည်း

ကျွန်တော်တို့ အမြန်ဆုံးရရှိရေး အတွက်ကို ပြန်လျှောက်ပါ့မယ်ဆိုပြီးတော့ ဒါ ကတိကဝတ် သူက ပေးသွားပါတယ်။

အဲဒီပေးတဲ့အပြင် ဥက္ကဋ္ဌကနေပြီးတော့ အဲဒီမှာ မှတ်ချက်ပြုသွားတာလေးရှိပါတယ်။ ယခင် လ/န-၃၉ နဲ့ ယခု ပုဒ်မ ၃၀ နဲ့ နံပါတ်လေး ပြောင်းလိုက်ပြီးတော့ ဆက်လုပ်ရင်ရတဲ့ ကိစ္စပဲတဲ့။ ၃၉ နဲ့ ၃၀ နဲ့က သိပ်ထူးခြားတာမှ မဟုတ်ဘဲ၊ ဒါကို ဝန်ကြီးအနေနဲ့ ဒီ Case ကို Cabinet တင်ပြပြီးတော့ ဒါအရင်က Project ဖြစ်တယ်။ ၃၉ နဲ့ ၃၀ နဲ့က ၉ နဲ့ သုညနဲ့ပဲလွဲနေတယ်၊ ဒါလေးနဲ့ပတ်သက်လို့က အစိုးရအဖွဲ့က ဆုံးဖြတ်ပေးပါဆိုရင်လည်း ပိုမြန်သွားမယ့်ကိစ္စရှိတာပေါ့၊ အဲလို ဆောင်ရွက်ကြည့်ပါလို့ ဥက္ကဋ္ဌကြီးက မိန့်ကြားတဲ့အချိန်မှာ ဝန်ကြီးကိုယ်တိုင်ထပြီးတော့ ကျွန်တော်အမြန်ဆုံးရအောင် ဆောင်ရွက်ပေးပါ့မယ် ဆိုပြီးတော့ ကတိကဝတ်ပြုသွားတာလည်းရှိပါတယ်။

ဒါကြောင့် ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်တင်ပြရလို့ရှိရင်တော့ မင်္ဂလာဒုံ ဥယျာဉ်မြို့တော်၊ စက်မှုဇုန်အပိုင်း(၄)ဟာ အရင်တပ်မတော်အစိုးရလက်ထက်ကပဲ ခွင့်ပြုပြီးတော့ အဲဒီလယ်ယာမြေဟာ လယ်သမားများ နစ်နာမှုမရှိအောင် ကာလတန်ကြေးထက်များစွာ ပိုပေးဝယ်ခဲ့ပြီးတော့ ဤကုမ္ပဏီအနေဖြင့် သီးစားယူခဲ့ပါတယ်။ တကယ်တော့ ဒီလယ်ယာမြေသိမ်းတာတို့၊ ဆည်းတာတို့ ဆိုတာ အစိုးရပဲလုပ်ရမှာ။ G to G လုပ်တဲ့ ကိစ္စပါ။ ကျွန်တော်က လယ်သမားအတွက် ကိုယ်ချင်းစာပြီး ဝယ်ပေးခြင်းဖြစ်ပါတယ်။ နောက် သမ္မတကြီးကလည်း ပြည်ထောင်စုလွှတ်တော်ကို လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုကြောင့် ပြည်သူများနစ်နာမှုမရှိစေရေး ကော်မရှင်ရဲ့ စစ်ဆေးချက်အရကို ၂၇-၁၂-၂၀၁၃ ရက်နေ့ကပဲ အခြေအနေမှန်နဲ့တကွ လယ်ယာမြေများ မစွန့်လွှတ်ကြောင်းနှင့် စက်မှုဇုန်ဆက်လက် ဆောင်ရွက်ခွင့်ပေးပြီးလည်း ဖြစ်ပါတယ်။

နောက် Infrastructure များပြီးပြီးတော့ (၈၀)ရာခိုင်နှုန်းကို ၂၀၁၀ ကတည်းက ရောင်းချပြီးလည်းဖြစ်ပါတယ်။ နောက် ၁၈-၁၁-၂၀၁၄ မှာ ကြယ်ပွင့်ပြနဲ့ မေးမြန်းတဲ့အပေါ်မှာ ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ ဖြေကြားချက်အရ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေး ဝန်ကြီးဌာန၊ ဗဟိုလယ်ယာမြေ စီမံခန့်ခွဲရေးအဖွဲ့နဲ့ ရန်ကုန်တိုင်းအဖွဲ့တို့က ပူးပေါင်းပြီးတော့ လုပ်ပေးပါ့မယ်လို့ ဖြေကြားသွားတယ်။ အဲဒီအဖွဲ့လုပ်ရင် (၁)ရက်တည်းနဲ့ပြီးပါတယ်။ ဒါပေမဲ့ အခု(၆)လ ကြာသွားပါတယ်။ နောက် ဝန်ကြီးရဲ့ဖြေကြားချက်အရ လ/န-၃၉ ရရှိရေးအတွက်ကို အမြန်ဆုံးဆောင်ရွက်ပေးပါ့မယ်ဆိုပြီးတော့ အာမခံချက်၊ ကတိကဝတ်တွေ ရရှိပြီးတော့ ဒီနေ့ (၆)လ ကြာတဲ့အထိ မည်သည့်အဖြေမှ ကျွန်တော်ရရှိခြင်းမရှိပါဘူး။ နောက် ဒီစက်မှုဇုန်(၄)ဟာလည်း အရင် အစိုးရလက်ထက်ကတည်းက ဆုံးဖြတ်ခွင့်ပြု ဆောင်ရွက်ပြီးတဲ့စီမံကိန်းဖြစ်ပြီးတော့ ဖွဲ့စည်းပုံအခြေခံ ပုဒ်မ ၄၄၅ အရ ဆက်လက် ဆောင်ရွက်ဖို့ပဲဖြစ်ပါတယ်။

ယခင် အစိုးရလက်ထက်က ခွင့်ပြုပြီးဖြစ်တဲ့ အတွက်ကြောင့် ယခင်အစိုးရ အနေဖြင့် ဒီအစိုးရကနေ ဆက်လက်ဆောင်ရွက်ရန်သာ ဖြစ်ပါတယ်။ ဒီစက်မှုဇုန်ကို ဆောင်ရွက်ခွင့်ပေးတဲ့အတွက် နိုင်ငံတော်အနေနဲ့ သိန်းပေါင်း(၅)သောင်းလောက် ဒါ ချက်ချင်း ကျွန်တော်က သွင်းရမှာဖြစ်ပါတယ်။ ရသွားမှာဖြစ်ပါတယ်။ ဝယ်ယူပြီးတဲ့ စက်ရုံဆောက်တဲ့လူတွေကလည်း စက်ရုံဆောက်မှာဖြစ်တဲ့ အတွက်ကြောင့် ရန်ကုန်မြို့ပတ်ဝန်းကျင်မှာရှိတဲ့ အလုပ်လက်မဲ့များစွာကလည်း တည်ဆောက်ရေးကာလ၊ တည်ဆောက်ပြီး ကာလ၊ သားစဥ်မြေးဆက်တွေမှာ အလုပ်ရသွားကြမှာဖြစ်ပါတယ်။

နောက် နေ့ချင်း ကျွန်တော်တို့ ဆောင်ရွက်နိုင်ရက်သားနဲ့ အစိုးရအဖွဲ့အနေနဲ့ ဘာကြောင့် ဒီနေ့ထိ ခွင့်ပြုချက်မပေးသလဲဆိုတဲ့ မေးခွန်းကို အစိုးရရဲ့ အာမခံချက်များ၊ ကတိများ၊ တာဝန်ခံချက်များ စိစစ်ရေးကော်မတီက မေးမြန်းဖို့ ပထမ ကျွန်တော့်အနေနဲ့ တိုက်တွန်းအပ်ပါတယ်။ နောက် ဒုတိယ ကျွန်တော်တင်ပြချင်ပါတယ်၊ ကျွန်တော် လွန်ခဲ့တဲ့ (၁၅)နှစ်ကတည်းက ကျွန်တော့်ကို အမေရိကန်က Sanction သတ်မှတ်ထားပါတယ်။ ဘာကြောင့်သတ်မှတ်လည်းဆိုတော့ အဲဒီကာလ တုန်းက ကျွန်တော်တို့ မြန်မာနိုင်ငံကို အမေရိကန်အပါအဝင် တခြားနိုင်ငံတွေက မကောင်းတဲ့ ပုံရိပ်တွေပဲရေးလို့ ထောက်လှမ်းရေးကနေပြီးတော့ ကောင်းတာရေးဖို့အတွက်ကို သတင်းစာအဖွဲ့ကို ငှားလိုက်တယ်။ စာရေးဆရာအဖွဲ့ကို အဲ့ဒီအပေါ်မှာ ငွေပေးတဲ့အခါ အစိုးရက တိုက်ရိုက်ပေးရင် သိမှာစိုးလို့ဆိုပြီး ကျွန်တော့်ကုမ္ပဏီကနေ တစ်ဆင့်ပေးခိုင်းတယ်။ ဒါကြောင့် ကျွန်တော်က တိုင်းပြည် အတွက် ပုံရိပ်ကောင်းအောင်ဆိုပြီးတော့ ကုမ္ပဏီကနေတစ်ဆင့် တစ်လကို (၃)သောင်းကနေ (၅)သောင်းကြား ကျွန်တော် ပို့ပေးနေရာကနေပြီးတော့ အမေရိကန်အစိုးရက မိပြီးတော့ ကျွန်တော့်ကို Sanction ချလိုက်တယ်။ ဒီနေ့ထိနိုင်ငံခြားနဲ့ ကျွန်တော် အလုပ်လုပ်လို့မရဘူး၊ လုပ်ရင် ကျွန်တော့် Account ပိတ်တာတို့ ဘာတို့ ကျွန်တော် ခံရတယ်။

ထိုနည်းလည်းကောင်းပဲ ကျွန်တော်ခံစားနေရတာက ကျွန်တော် ဒါလွှတ်တော် ကိုယ်စားလှယ်ဖြစ်ပြီးနောက်ပိုင်းမှာ ပြည်တွင်းရဲ့ Sanction ကိုလည်း ကျွန်တော် အပိတ်ခံရတယ်လို့ ကျွန်တော့်ဟာ ကျွန်တော်ခံစားနေရတယ်၊ ဘာကြောင့်လည်းဆိုတော့ ကျွန်တော်လုပ်တဲ့ လုပ်ငန်းမှန်သမျှ ဘာတစ်ခုမှ ဒီ(၄)နှစ်(၅)နှစ်တာ ကာလအတွင်းမှာ ဘာမှမဖြစ်ဘူး၊ ဘိလပ်မြေစက်ရုံဆိုလည်း ဟိုဘက်အစိုးရကတည်းက တင်ထားတယ်။ ဒီအစိုးရလည်း တက်ရော၊ ခင်ဗျားမှားနေပါတယ်။ ဘာမှားလည်းဆိုတော့ ဝန်ကြီးလို့ရေးထားတယ်၊ ပြည်ထောင်စုဝန်ကြီး ပြန်ပြင်ပါ၊ ကျွန်တော်ပြန်ပြင် ပါတယ်၊ နောက် ၂၀၁၂ တစ်ခါ ရောက်တဲ့အချိန်မှာ ခင်ဗျားဥစ္စာက လယ်ယာဥပဒေ ၂၀၁၂ ထွက်တယ်။ အဲဒါနဲ့ပြန်လုပ်ပါဆိုလို့ EIA တို့၊ SIA တို့ လုပ်တာ သိန်းပေါင်း(၆)သောင်း ကုန်တယ်၊ ဒီနေ့ထိ ကျွန်တော် ဘာမှမရဘူး။

နောက်ဆုံး ဒီ ကျွန်တော်တို့ မွန်ပြည်နယ်ကနေပြီးတော့ ဟိုကနေပြီးတော့ အားလုံးဒေသတွေလည်း ကျွန်တော် ဖွံ့ဖြိုးရေးလုပ်တဲ့အခါကျတော့ ခွင့်ပြုတယ်ဆိုပြီး ရေးတဲ့အချိန်မှာ အခု လယ်ယာ ဝန်ကြီးဌာနရောက်တယ်၊ အခုပြန်မေးလိုက်တယ်၊ တစ်နေ့ကပဲ အဲဒီ မွန်ပြည်နယ်ဝန်ကြီးက ဒေါ်ပွနေတယ်ကြားတယ်။ စွမ်းအင်ဝန်ကြီးတို့၊ သစ်တောဝန်ကြီးတို့ရဲ့ ထောက်ခံချက်လိုပါတယ်ဆိုတော့ အဲဒီ အစိုးရအဖွဲ့မှာ တစ်ဖွဲ့နဲ့တစ်ဖွဲ့ Link ပြတ်နေတယ်လို့ပဲ ကျွန်တော်ယူဆတယ်။ ထိုနည်းလည်းကောင်းပဲ ကျွန်တော့် ဒီစက်မှုဇုန်ကိစ္စတို့၊ နောက်ကျန်တဲ့ ဒီတွံတေး၊ကော့မှူး၊ ကွမ်းခြံကုန်း လမ်းကိစ္စတို့ အပါအဝင် အကုန် လုံးက ကျွန်တော် Sanction မိတယ်လို့ ထင်ပါတယ်။ဒါကြောင့် ကျွန်တော့်အနေနဲ့ လွှတ်တော်ဝင်တာ လည်း Sanction မိပါတယ်။ နောက် မဝင်ခင်တုန်းက အစိုးရအတွက် လုပ်တဲ့အတွက်လည်း အမေရိကန် Sanction မိကြောင်းကြုံရင်းနဲ့ ကျွန်တော်တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်၊ ကျေးဇူးတင်ပါတယ် ခင်ဗျာ။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်မှ ဒသမပုံမှန် အစည်းအဝေးအထိ ဆောင်ရွက်မှု အခြေအနေနှင့် (၁၁)ကြိမ်မြောက် ပုံမှန် အစည်းအဝေး ဆောင်ရွက်မှုအခြေအနေများ၊ ကွင်းဆင်း စိစစ်ရေးအဖွဲ့(၂)ဖွဲ့၏ တွေ့ရှိချက်များနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို သဘောတူလက်ခံရန် အဆို တင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ရယူခြင်း**

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်မှ ဒသမပုံမှန် အစည်းအဝေးအထိ ဆောင်ရွက်မှု အခြေအနေနှင့် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆောင်ရွက်မှုအခြေအနေများ၊ ကွင်းဆင်းစိစစ်ရေး အဖွဲ့(၂)ဖွဲ့၏ တွေ့ရှိချက်များနှင့် စပ်လျဉ်းတဲ့ အစီရင်ခံစာကို အမျိုးသားလွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၃။**

**ဦးခင်မောင်ဌေး (အဖွဲ့ဝင်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်မြေအမှတ်(၁၀)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီဝင် ဦးခင်မောင်ဌေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ပထမအကြိမ်အမျိုးသားလွှတ်တော် ပထမပုံမှန်မှ ဒသမပုံမှန် အစည်းအဝေးအထိ ဆောင်ရွက်မှုအခြေအနေနှင့် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆောင်ရွက်မှုအခြေအနေများ ကွင်းဆင်းစိစစ်ရေးအဖွဲ့(၂)ဖွဲ့၏ တွေ့ရှိချက်များနှင့်စပ်လျဉ်းတဲ့ အစီရင်ခံစာကို အမျိုးသားလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆို တင်သွင်းအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၅၄။**

**ဥက္ကဋ္ဌ။** ။ အဆိုကို အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူပါမယ်။ အမျိုးသား လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က -

သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၀း၅၅ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၁၀ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၁၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျာ။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီ၏ လုပ်ငန်း ဆောင်ရွက်မှု အခြေအနေ အစီရင်ခံစာ (၁/၂၀၁၅)ကို လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း**

**အချိန်၊ ၁၁း၁၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေ အစီရင်ခံစာ (၁/၂၀၁၅)နှင့် စပ်လျဉ်းပြီးဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာခင်ရွှေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၁၅။**

**ဒေါက်တာခင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့ ကျွန်တော့် အနေနဲ့ကတော့ အမျိုးသားလွှတ်တော် ပြည်သူတို့ရဲ့တိုင်ကြားစာဆိုင်ရာကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်မှု အခြေအနေ အစီရင်ခံစာ(၁/၂၀၁၅)အပေါ်မှာ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဓိကအားဖြင့် မြို့ရွာ အိုးအိမ်ဦးစီးဌာနနဲ့ ဇေကမ္ဘာကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်တဲ့ မင်္ဂလာဒုံ ဥယျာဉ်မြို့တော်မှာ ရှိတဲ့ နှစ်(၆၀)ဧရန် ရပြီးသားမြေပေါ်မှာ ဒေါ်စိန်ထွေး အတွက်ကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့

အကူအညီနဲ့ လူနေထိုင်ခွင့် အိမ်ရာဆောက်လုပ်ရန် လျှောက်ထားခြင်း၊ နောက် လ/န - ၃၉ ရရှိရေး အတွက်ကို ဆောင်ရွက်မှုများနဲ့ ပတ်သက်ပြီးတော့ ဆွေးနွေးသွားမှာဖြစ်ပါတယ်။

ကျွန်တော့်ရဲ့ မင်္ဂလာဒုံဥယျာဉ်မြို့တော် ထိုးပေးပါ။ ဥယျာဉ်မြို့တော်ထဲမှာ ရှိပါတယ်။ အခု ဒေါ်စိန်ထွေး လာရောက်လျှောက်သွားတဲ့ နေရာကတော့ အမှတ်(၃)အခုမြင်ရတဲ့အတိုင်း လမ်းဘေးမှာ တည်ရှိပါတယ်။ နောက်ဂေါက်ကွင်းဘေးမှာ တည်ရှိပါတယ်။ အဲဒါကို ကျွန်တော့်အနေနဲ့ ဒီအရင် အစိုးရ လက်ထက်ကတည်းကိုက ကျွန်တော် နှစ်(၆၀) ဂရန်ရပြီး ဖြစ်တဲ့အတွက်ကြောင့် အခုကျွန်တော် Plan နဲ့ Desing တွေဆွဲတယ်။ ဒီဇိုင်းတွေ အပ်ထားပြီးပြီ၊ အားလုံးဆွဲပြီးတော့ ကျွန်တော် အဲဒီနေရာမှာ ကျွန်တော် Project ကျွန်တော် ဆောက်ဖို့ ၂၀၁၀ ခုနှစ်ကတည်းက ခြံစည်းရိုးခတ်ထားတယ်။ အဲဒီတော့ ခတ်ထား ပြီးတော့ ကျွန်တော်ဆောက်ဖို့လုပ်တိုင်း ရပ်ကွက်က အုပ်ချုပ်ရေးမှူးကနေပြီးတော့ ကျွန်တော့်ဆီကို အဲဒီ အမျိုးသမီးတွေ အုပ်စုလိုက် လွှတ် လွှတ်ပြီးတော့ ဒိုဇာဆိုလည်း ဒိုဇာပေါ်တက်ပြီးတော့ ဒိုဇာသမား ဆွဲချတယ်။ တုတ်တွေနဲ့ရိုက်တဲ့ အနေအထားရောက်တယ်။

အဲလိုလုပ်ပြီးတော့မှ ၂၀၁၃ ခုနှစ်မှာ အဲဒီ ဒေါ်စိန်ထွေးအဖွဲ့ဝင်လာတယ်။ ဝင်လာပြီး ဒီနေရာ ကိုပဲ ခြံခတ်တဲ့နေရာကိုပဲ ဒါသူ့နေရာပါဆိုပြီးတော့ အဲဒီတော့ရပ်ကွက်၊ မြို့နယ်၊ ခရိုင်၊ တိုင်း ကနေတစ်ဆင့် သူလျှောက်ပြီးတော့ ၂၀၁၃ ထဲမှာ ပထမဦးဆုံး သူကနေ ဒါကျွန်တော့် Project ဒါလုပ်မယ့် ပုံစံတွေပြတာပါ။ အဲဒီတော့ ၂၀၁၃ မှာ သူစဝင်လာပြီးတော့မှ လယ်သမားတွေနဲ့ စာချုပ်တယ်။ လယ်သမားဆိုတာ ကျွန်တော့်ဝင်းထဲက လယ်သမားမဟုတ်ဘူး။ကျွန်တော် အဲဒီထဲမှာရှိတဲ့ ပိုင်ရှင်တွေက ကုလားတွေ၊ ဒါကိုလည်း မြို့တော်စည်ပင်သာယာရေး ကနေပြီးတော့ ၂၀၁၃ မှာ ရန်ကုန် တိုင်းကို သူက စာရေးပြီးပြီ။ ကျွန်တော့်နေရာက တစ်ခု၊ ဒေါ်စိန်ထွေး လျှောက်တာက တစ်ခု၊ ဒေါ်စိန်ထွေး လျှောက်တာက ကျွန်တော့်အမှတ်(၃)လမ်းရဲ့ ဘယ်ဘက်က တပ်မတော်မြေ၊ ကျွန်တော့်နေရာက ညာဘက်မှာရှိတဲ့ ကျွန်တော့်ရဲ့ Project မြေပါဆိုပြီးတော့ အတိအလင်းပြောထားတယ်။ အဲဒါကို မရဘူး၊ ရန်ကုန်တိုင်းကရော၊ ခရိုင်ကရော၊ မြို့နယ်ကရော၊ ကျေးရွာကရော ကျွန်တော့်မြေနေရာကိုပဲပေး မယ်ဆိုတော့ ကျွန်တော့်နေရာက အရင်အစိုးရလက်ထက်ကတည်းက ဆုံးဖြတ်ပြီးတော့ နှစ်(၆၀)ဂရန် ထုတ်ထားပြီး Project လုပ်မယ့်နေရာဖြစ်တယ်။ အဲဒါကိုလည်း ဆက်ပြီး ထိုးပေးပါ။ Project တွေ၊ အဲဒီထဲမှာ ဝင်လာပြီးတော့ ကျွန်တော့်ကို ဝင်လာပြီး စကျူးကျော်တယ်။ အဲဒီထဲမှာ ယာယီတဲတွေ လာ ဆောက်တယ်။ ဒါ ကျွန်တော် နှစ် (၆၀)ဂရန် ရထားတဲ့ စာရွက်တွေ မြေပုံနဲ့တကွ ဆောက်လုပ်ရေးနဲ့ ကျွန်တော် လက်မှတ်ထိုးထားတယ်။ ငွေသွင်းတယ်။ နှစ်(၆၀)ဂရန်ရတယ်။ အဲလောက်ခိုင်မာတာ။ ဒါကိုလည်း ဥက္ကဋ္ဌကြီး ကနေပြီးတော့မှ အမိန့်ရှိဖူးပါတယ်။

ရန်ကုန်မှာနေတဲ့ လွှတ်တော်ကိုယ်စားလှယ်များ နှစ်(၆၀) ဂရန်ရရှိတဲ့ ကိုယ့်နေရာ ကို တောင်မှ ပြန်ရောက်ရင် ပြန်ကြည့်ပါဆိုတာ ဒါနှစ်(၆၀)ရထားတဲ့နေရာ ဖြစ်တယ်။ အဲဒီနေရာကို တောင်မှ ဝင်ပြီးတော့ကျူးကျော်ပါတယ်။ ကျူးကျော်ပြီးတော့ ၂၀၁၃ မှာ ရန်ကုန်တိုင်းအစိုးရကနေ ပြီးတော့ အိမ်ရာတွေ အကောင်အထည်ဖော်ဖို့ဆိုပြီးတော့ စတင်ပြီးတော့ ဆောင်ရွက်တယ်။ အဲဒါကို ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်ကလည်း အဲဒါကို ထောက်ခံပြီးတော့ တင်သွားပေးတယ်။ သူတို့က လည်း အဲဒီနေရာကိုရပြီဆိုပြီးတော့ ခုနကျွန်တော့်မြေထဲမှာ လာပြီးတော့မှ ဆက်သွားပေးပါ။ ကျွန်တော့် မြေထဲမှာလာပြီးတာ့ အဲဒီမှာ တဲတွေလာထိုးတယ်။ လာပြီးတော့ ကျွန်တော့်ကို လာ ကျူးကျော်တယ်။

အဲဒါနဲ့ ပတ်သက်ပြီးတော့လည်း ကျွန်တော် ရန်ကုန်တိုင်းကိုလည်း စာပေါင်းများစွာ ရေးတယ်။ မြို့နယ်ကိုလည်း ရေးတယ်။ ဒါတွေကျူးကျော်နေပြီ ကျွန်တော် Project လုပ်တော့မယ် ရေးတယ်။ ကျွန်တော့်ကို လုပ်ခွင့်မပြုသေးဘူး။ အခုမြင်ရတာက ရပ်ကွက်၊ မြို့နယ်ကနေပြီးတော့ ကျွန်တော့်ကို လုပ်ငန်းတွေပိတ်တယ်။ အဲဒါနဲ့ ၂၀၁၄ မှာ ကျွန်တော်နောက်ထပ် Project ပြန်စပါ့ မယ်လို့ ရေးတဲ့အချိန်မှာ ဒေါ်စိန်ထွေး က နေ့ချင်းသိပြီးတော့ ကျွန်တော့်ကို ကန့်ကွက်တယ် ဒီနေရာသူ့ Project ပါ မပေးနိုင်ဘူးဆိုပြီး ကျွန်တော့်ကို ကန့်ကွက်တယ်။ ကန့်ကွက်တဲ့အတွက်ကြောင့် ကျွန်တော့် အနေနဲ့ ဘယ်လိုမှ မရနိုင်တဲ့အတွက်ကြောင့် ကျွန်တော် ပြည်ထဲရေးဝန်ကြီးတိုင်တယ်။ ပြီးတော့မှ ဘယ်လိုမှ မလုပ်ကြတဲ့အတွက်ကြောင့် ကျွန်တော် အမျိုးသားလွှတ်တော် တိုင်ကြားစာကော်မတီကို ကျွန်တော် တိုင်လိုက်တယ်။ ကျွန်တော့် ဒိုဇာပေါ်တက်ပြီးတော့ ဝင်ပြီးတော့ ဒိုဇာကအစ လုပ်လို့မရ လောက် အောင်ဖန်တီးတယ်။ ဒါသူတို့တွေက ဝင်ကျူးကျော်တဲ့ အနေအထားတွေရှိတယ်။ အဲဒီတော့ တိုင်ကြားစာကော်မတီကနေပြီးတော့ ဒါနဲ့ပတ်သက်လို့ ၂၀၁၄၊ (၂)လပိုင်းမှာ ကျွန်တော်တို့ အစိုးရအဖွဲ့ကို စာရေး တယ်။ ဒီ နစ်နာနေတယ် လုပ်ပေးပါ အစိုးရအဖွဲ့က လုံးဝစာမလာဘူး။

(၃) လပိုင်းမှာ စပြီးတော့ အဲဒီမှာ ဒေါ်စိန်ထွေး ပိုင်ဆိုင်မှု ရရေးအတွက်ကို (၁) ရက်တည်းနဲ့ စာရွက်စာတမ်းအတုတွေ၊ အစည်းအဝေးအတုတွေ လုပ်ပြီးတော့ အဲဒီမှာ ဒေါ်စိန်ထွေး ပိုင်ဆိုင်မှု အတွက်ကို တစ်ခါ ဝိုင်းကြိုးစားကြတယ်။ ဝိုင်းကြိုးစားပြီးတော့ အဲဒီမှာ ကျွန်တော့်ကိုပါ ဖယ်ဖို့ လုပ်တယ်။ ဒါနဲ့ ကျွန်တော် ကြယ်ပွင့်ပြမေးခွန်းနဲ့ မေးလိုက်တယ်။ ကြယ်ပွင့်ပြမေး လိုက်တဲ့အချိန်မှာ ဦးအောင်ငြိမ်း ကနေပြီးတော့ အစိုးရအဖွဲ့ကို မေးလိုက်တဲ့အတွက်ကြောင့် ဦးစိုးတင့်က လာပြီး ဖြေရှင်းသွားတယ်။ ဦးစိုးတင့်က ဘယ်လိုရှင်းသွားလည်း ဆိုတဲ့အခါကျတော့ ကျွန်တော့် စီမံကိန်း မြေနေရာဟာ ၁၉၉၇ ကပင် အိမ်ရာစီမံကိန်းများ ဖော်ဆောင်ရန်အတွက် လ/န-၃၉ ခွင့်ပြုမိန့်ကျပြီး ဖြစ်ကြောင်း ဒါ ဦးစိုးတင့် ပြောသွားတာ။ မြို့ရွာနှင့်အိုးအိမ်ဦးစီးဌာနနှင့် ဇေကမ္ဘာတို့သည် ၁၁-၁၀-၉၉ နေ့မှာ မင်္ဂလာဒုံ ဥယျာဉ်မြို့တော် အိမ်ရာစီမံကိန်းကို အကောင်အထည်ဖော်ရန် စာချုပ်ချုပ်ဆိုခဲ့ ကြောင်း၊ အဲဒီမြေနေရာကို ကော်မာရှယ် ဇရိယာအဖြစ် ဆောင်ရွက်ရန် ၂၉-၁၁-၂၀၁၀ မှာပြုလုပ်တဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ် ၃၄/၂၀၁၀ ဒါအရင် အစိုးရ လက်ထက်က ဆုံးဖြတ်ချက်အရ ၂၉-၃-၂၀၁၁ နေ့တွင် လုပ်ငန်းသဘောတူစာချုပ် ချုပ်ဆိုခဲ့ ကြောင်း၊ ၂၃-၁၂ မှာ ဇေကမ္ဘာကုမ္ပဏီအမည်ဖြင့် နှစ် (၆၀) ဂရန်ထုတ်ပေးခဲ့ကြောင်း၊ မြို့ရွာနှင့် အိုးအိမ် ဦးစီးဌာနမှ ဆောင်ရွက်ပြီးဖြစ်တယ် ဒါကြောင့် သုခမ္ပသိဂီဒေါ်စိန်ထွေးက အဲဒီမြေနေရာကို လယ်ယာ မြေအား ဥယျာဉ်ခြံမြေအဖြစ် ပြောင်းလဲသုံးစွဲရန် လျှောက်ထားခြင်းဖြစ်၍ လ/န-၃၉ ရရှိပြီးသော ယင်းမြေအား ထပ်မံ၍ အသုံးပြုခွင့် လျှောက်ထားရန် မလိုအပ်ပါကြောင်း လေးစားစွာ တင်ပြအပ် ပါသည်ဆိုပြီး အတိအလင်းလာပြီးတော့ ဒီမှာလာပြီး ရှင်းလင်းသွားပြီးဖြစ်တယ်။

ဘာဖြစ်လို့လည်းဆိုတော့ လ/န-၃၉။ ၉၇ က ဗိုလ်မှူးကြီးစံမတူ လက်မှတ်နဲ့ ထုတ်ပေးပြီး ဖြစ်တဲ့အတွက်ကြောင့် ၂၀၁၄ ကြမှ မင်းတို့ မလျှောက်ပါနဲ့ဆိုပြီးတော့ လာတင်ပြသွားတဲ့ သဘောမျိုး ဖြစ်တယ်။ အဲဒီမှာလည်း အခုမြင်ရတဲ့အတိုင်း ဦးအောင်ငြိမ်း ရဲ့ မေးမြန်းချက်ကို ဦးစိုးတင့် က လာဖြေ သွားတယ်။ နောက်ဆက်ပြပေးပါ။ နောက်အဲဒါနဲ့ ကျွန်တော်တို့က တစ်ပြိုင်တည်း ကျွန်တော်တို့ဆီက အမျိုးသားလွှတ်တော် ခုနတုန်းက ကော်မတီ ကနေပြီးတော့ ဦးမြင့်ထွန်း ပါတဲ့ ကော်မတီကနေ ရန်ကုန်မြို့မှာ သွားရောက်စစ်ဆေးတယ်။ စစ်ဆေးတဲ့ အချိန်မှာလည်း အားလုံးပေါ်တယ်။ မြို့နယ်

မြေစာရင်းမှုးဆိုရင် တုန်ပြီးတော့ စာအုပ်တွေတောင် ဘုတ်ဘုတ်ဘုတ်ဘုတ်ကျတယ်။ စစ်တဲ့ အချိန်မှာ အားလုံးက အတုတွေကြီးပဲ လုပ်ထားတယ်။ မမှန်တာတွေ လုပ်ထားတယ်။ အဲဒါနဲ့ ကျွန်တော်တို့ ဗိုလ်မှုးကြီးမြင့်ထွန်းတို့အုပ်စုရဲ့ အစီရင်ခံစာအရ ကျွန်တော်တို့ လွှတ်တော် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကနေပြီးတော့ ဒါဖတ်ပြီးတော့ ဒါကြီးကအဂတိလိုက်စားမှု ရှိနိုင်တယ်ဆိုပြီးတော့ အဂတိ တိုက်ဖျက်ရေးကော်မရှင်ဆီ ကျွန်တော်တို့စာရေးလိုက်ပါတယ်။ အဲဒါနဲ့ အဂတိလိုက်စားမှု တိုက်ဖျက် ရေး ကော်မရှင် ကနေပြီးတော့ (စ)သုံးလုံးနဲ့ ပေါင်းပြီးတော့ ကျွန်တော်တို့ လူပေါင်း (၄၀)ကျော်စစ် တယ်။ စစ်ပြီးတဲ့အချိန်မှာ စိတ်မကောင်းစရာကတော့ အဲဒီမှာဇယားတစ်ခုပြပေးပါ။ အစည်းအဝေး အတု လုပ်တယ်၊ အတုလုပ်တာက မြို့နယ်အုပ်ချုပ်ရေးမှုးနဲ့ မြို့နယ်မြေစာရင်းနဲ့လုပ်တယ်။ အဲဒီမှာမှ နောက်တစ်ပတ်လောက်ကြာတော့မှ ဒါအခု ကျွန်တော်ပြထားတာက ဒေါ်စိန်ထွေး သူဝယ်ထားတဲ့ မြေရဲ့ နံပါတ်က ဒီဘက်က Colour၊ ကျွန်တော်ရဲ့ အိမ် Colour က ဒီ Colour ဖြစ်တယ်။ သူဝယ်တဲ့ နေရာနဲ့ ကျွန်တော့်နေရာနဲ့ တခြားစီ၊ အဲဒါကြီးကိုမှ ဒီနေရာမှ လိုချင်ပါတယ်ဆိုပြီး အတင်း ရန်ကုန်တိုင်း ကလာတယ်။ အဲဒါနဲ့ပတ်သက်လို့ စစ်ဆေးတဲ့အချိန်မှာ ဒါကလည်း ကျွန်တော်စစ်တာမဟုတ်ဘူး။ (စ)သုံးလုံးက စစ်မှဒါ ပေါ်လာတယ်။ (စ)သုံးလုံးက ကျွန်တော့်ကိုလည်း ပြောတယ်။ ခင်ဗျားဘာမှ မပူနဲ့ သူ အတုဝယ်ထားတဲ့ စာရွက်မှာပြတဲ့ မြေစာရင်းနံပါတ်နဲ့ ကျွန်တော့်ရဲ့ မြေဦးပိုင် နံပါတ်နဲ့ကွဲတယ်။ ဦးပိုင် ကွဲတယ်ဆိုကတည်းက မြေဟာတူစရာမရှိဘူး။ လယ်မြေမှာ ဦးပိုင်ကိုပဲ အဓိကထား အရောင်းအဝယ် လုပ်ကြတယ်။ ရောင်းဝယ်ထားတဲ့ စာချုပ်ကလည်း ၂၀၀၆ ခုနှစ်ကို back date နဲ့ပြပြီး သူရောင်းဝယ်ထားတာ အဲဒါလည်းအတုပဲ အကုန်လုံး အဲဒါနဲ့ ဒါစစ်ဆေးချက်အပေါ်မှာ မူတည်ပြီးတော့ လာစစ်သွားတယ်။

လာစစ်တဲ့အပေါ်မှာ မူတည်ပြီးတာ့ အရေးယူသွားတာကတော့ဘာမှမဆိုင်တဲ့ အစွန်းအဖျား၊ ဒီပေါ်မှာ တစ်ပြားမှလည်းမရဘူး။ သိလည်းမသိခဲ့ဘူး ဒီမှာတွေ့ရတယ်။ မြေစာရင်း၊ မွေး/ရေနဲ့ ဒေါ်မီမီထွန်းနဲ့ ဒေါက်တာစိန်စိန်ကြီးဆိုတဲ့ မွေး/ရေ အစည်းအဝေးမလုပ်ဘဲနဲ့ အောက်က လုပ်သယောင်ရေး တယ်။ ပြီးတော့မှ ဆုံးဖြတ်ချက်တွေရေးတယ်။ ပြီးတော့မှ အထက်ကခိုင်းလို့ ဆိုပြီးတော့ အဲဒီ နှစ်ယောက် ကို လက်မှတ်ထိုးခိုင်းတယ်။ အဲဒီလက်မှတ်ထိုးတဲ့ နှစ်ယောက်ကတော့ ဒီနေ့ အရေးယူလိုက်တယ်။ Service Cut လုပ်တာတို့ ဘာတို့ ညာတို့နဲ့ လုပ်ပြီးတော့ ကျန်တဲ့ အဓိက Main အခဲကြီးက ဒီနေ့ အထိအရေးမယူသေးဘူး။ မြို့နယ်အုပ်ချုပ်ရေးမှုးကအစ ရန်ကုန်တိုင်းကအစ ရန်ကုန်တိုင်း စိုးမင်း ဆိုလည်း လုံးဝလွတ်သွားတယ်။ သူမသိလို့ပါဆိုပြီးတော့ လွတ်သွားတယ်။ လွတ်ပြီးတော့ ကျွန်တော်ကတော့ ပြီးပြီဆိုပြီးတော့ မြို့နယ်ဆီ ကျွန်တော့် ဒီ Project က အချိန်မီ ဆောက်ရမယ် ဆောက်ခွင့်ပေးပါ၊ မြို့နယ်က ဆောက်ခွင့်မပေးဘူး။ ဒါနဲ့ ရန်ကုန်တိုင်းကို ကျွန်တော်က ဆောက်ခွင့်တောင်းပါတယ်။ ရန်ကုန်တိုင်း ကျွန်တော်တော့ ဒီကိစ္စတွေအားလုံးဟာ (စ)သုံးလုံးကပဲ စစ်ပြီးဖြစ်တဲ့အတွက်ကြောင့် ကျွန်တော့်ကို ဒီ Project ကို လုပ်ခွင့်ပေးပါလို့ ကျွန်တော် တောင်းတဲ့ အချိန်မှာ ပိုဆိုးသွားတယ်။ ကျွန်တော့်ဆီ ရန်ကုန်တိုင်းကနေ စာရေးတယ်။ ၂၈-၂-၂၀၁၅ အခု မကြာခင် ပြီးခဲ့တဲ့ (၁)လကမှ စာရေးတယ်။ ရေးတဲ့အကြောင်းအရာတွေကလည်း အကုန်လုံးက တလွဲတွေ ချည်းပဲ အခြေအနေ အမှန်နဲ့ တလွဲတွေရေးတယ်။

ဥပမာ ရန်ကုန်တိုင်းရဲ့ ပြန်ကြားချက် (က)စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် အတွက် ဇေကမ္ဘာမှ တင်ပြသော (၄၃.၂၄၁)ဧကသည် သုခမ္မသိဂီ ဒေါ်စိန်ထွေး မှ လယ်ယာမြေကို

အခြားနည်းဖြင့် ပြောင်းလဲလျှောက်ထားသော မြေနှင့် ဦးပိုင်များ မတူသော်လည်း မြေနေရာမှာ တစ်ထပ်တည်းဖြစ်နေခြင်းဟု ဖော်ပြတယ်။ ဦးပိုင်မတူဘူး မြေတူတယ်။ ဒါကလည်း (စ)သုံးလုံး လည်း စစ်ပြီးပြီ၊ ဦးပိုင်လည်း မတူဘူး၊ မြေလည်းမတူဘူး၊ ပိုင်ရှင်လည်း မတူပါဘူးဆိုတာကို ရန်ကုန်တိုင်းက တူပါတယ်ဆိုပြီး အတင်းလာလုပ်တယ်။ ဒါ ဒေါ်စိန်ထွေး အတွက် ဆိုပြီးတော့ နောက်တစ်ခါ ဒုတိယ (ခ) ၁၆-၇-၉၇ နေ့မှ လ/န-၃၉ ခွင့်ပြုသော်လည်း ဒါကျွန်တော့်ကို ခွင့်ပြုတယ်ဆိုတာ သူလက်ခံတယ်။ ကျန်ရှိသောမြေမှာ ယခုမှ ဆောင်ရွက်ခြင်းဖြစ်တဲ့အတွက်ကြောင့် ၂၀၁၂ လယ်ယာမြေ ဥပဒေ ပြဋ္ဌာန်းတဲ့ ပုဒ်မ ၃၁ နဲ့ ကိုက်ညီမှု မရှိဘူး။ ၉၇ ကရထားတဲ့ ကျွန်တော့်ရဲ့ လ/န-၃၉ ကို ကျွန်တော် ၂၀၁၂ လယ်ယာ ဥပဒေနဲ့ ဘာကျွန်တော်လိုက် စရာလိုလဲ၊ ဂရန်တောင် ကျွန်တော် ရပြီးသား၊ အဲဒါတော်တော်လေးကို ခပ်ညံ့ညံ့ ပြန်ထားတာ ကျွန်တော်တွေ့ရတယ်။

နောက်တစ်ခါ ပြန်ကြားချက် (ဂ) ထိုမြေများကို လ/န-၃၉ ခွင့်ပြုသော်လည်း ၁၉၅၁ ခု နိုင်ငံတော်ပြည်သူ့အိုးအိမ် ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်သာယာရေးအဖွဲ့ အက်ဥပဒေပုဒ်မ ၁၉ အရ မြို့ရွာနှင့် အိုးအိမ်ဦးစီးဌာနမှ နိုင်ငံတော်သမ္မတထံ မြေကိုသိမ်းယူရန် တင်ပြလျှောက်ထား ရမည်ဖြစ်သော်လည်း တင်ပြလျှောက်ထားခြင်း မရှိကြောင်းတွေ့ရတယ်။ သူတို့ မသိလို့ပါ ၁၉၈၈ ကတည်းက န.ဝ.တ တက်ကတည်းကိုက ဒီဥပဒေ ဒါကိုပယ်ဖျက်ပြီးတော့ န.ဝ.တ ဥက္ကဋ္ဌ သမ္မတဆိုတာ ဒါ သမ္မတ ခိုင်းလို့ လုပ်တဲ့ လုပ်ငန်းဆိုတာ မသိဘူး၊ မသိဘဲနဲ့ ၅၁ ခုနှစ် ဥပဒေနဲ့ သမ္မတကို ခွင့်ပြုချက် မတောင်းဘူးဆိုတော့ တော်တော်လွန်သွားပြီ အတွေးအခေါ်တွေက၊ နောက်တစ်ချက် ကျန်ပါသေးတယ်။ ပြန်ကြားချက် (ဃ) ၎င်းမြေကို ဆက်လက် ဆောင်ရွက်နိုင်ရန်အတွက် ၉၂ -၉၃ ခုနှစ်မှာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသို့ လွှဲပြောင်းပြီးဖြစ်၍ ယင်းမြေစီမံခန့်ခွဲရေး လုပ်ငန်းကို မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဆက်လက် ဆောင်ရွက်ရမည် ဖြစ်သော်လည်း မြို့ရွာအိုးအိမ်ဦးစီးဌာနမှ ဇေကမ္ဘာကုမ္ပဏီသို့ ၂၃-၁၂-၂၀၁၃ မှာ နှစ်(၆၀)မြေငှားဂရန် ထုတ်ပေးခြင်းသည် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် ကိုက်ညီမှု မရှိကြောင်း တွေ့ရသည်။ တော်တော်တော့ အံ့ဩစရာ ကောင်းပါတယ်။ (စ)သုံးလုံးလည်း စစ်ပြီးပြီ၊ အဂတိလိုက်စားရေးလည်း စစ်ပြီးပြီ။

နောက်တစ်ခါ ဆောက်လုပ်ရေးဝန်ကြီးဌာနကလည်း အကုန် ရှင်းပြီးပြီ။ နောက်တစ်ခါ ၉၇မှာ လ/န-၃၉ ပေးတာလည်း အိုးအိမ်ဦးစီးဌာနက ပေးတယ်။ နောက် ၂၀၀၀ ခုနှစ်မှာလည်း အိုးအိမ် ဦးစီးဌာနကနေပြီးတော့ ကျွန်တော်တို့ ရန်ကုန်တိုင်း မြို့နယ်ကို ဒီ Project ကြီးက မင်္ဂလာဒုံဥယျာဥ်လုပ်မယ်ဆိုပြီ းအကြောင်းကြားတယ်။ သူက ၉၂ ဥပဒေကို ပြန်ကိုင်တယ်။ ပြီးခဲ့ပါပြီ ၉၂ က ၉၃ ကတည်းက ဒီကိစ္စတွေ ပြီးတဲ့ကိစ္စကို အဟောင်းကိုင်ပြီးတော့ လုပ်ပိုင်ခွင့်မရှိဘူးဆိုပြီးတော့ ဌာန ဆိုင်ရာကိုပါ စော်ကားတဲ့အတွက်ကြောင့် ဆောက်လုပ်ရေးဝန်ကြီးဌာနကလည်း လုံးဝ မကျေနပ်လို့ ပြန်ပြီး ရှင်းဖို့ လုပ်နေပါတယ်။

နောက်တစ်ခါ ပြန်ကြားချက် (င) ၁၉၉၇ လ/န-၃၉ ခွင့်ပြုခဲ့သော်လည်း မြေသိမ်းဆည်းရေး လုပ်ငန်းကိုမြို့ရွာနဲ့ အိုးအိမ်ဦးစီးဌာနမှ ဆက်လက်ဆောင်ရွက်ခြင်း မရှိသဖြင့် လယ်သမားများသည် ၂၀၁၁ ထိ ၎င်းမြေကို (၁၄)နှစ်ခန့်စိုက်ပျိုးခြင်းလုပ်ငန်းများ ဆောင်ရွက်နေခြင်းကြောင့် ၂၀၁၂ လယ်ယာမြေ ပုဒ်မ ၃၂ အရ စီမံကိန်းအရ သတ်မှတ်သောကာလတွင် အမြန်ဆုံး ပြီးစီးစေရန် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်၍ စီမံကိန်း ဆောင်ရွက်ခြင်း မပြုတော့ပါက မူလ


လယ်ယာမြေ လုပ်ကိုင်ခွင့်ရသော ပုဂ္ဂလိက အဖွဲ့အစည်းသို့ ပြန်လည်ပေးအပ်ရမည်ဟု ပြဋ္ဌာန်းထားသည်ကို တွေ့ရပါသည်။ ကျွန်တော် ခွင့်ပြုချက်ရတာ ၂၀၁၁ ၊ ၂၀၁၁ ထဲက စပြီး အဲဒီမြေကို ကျွန်တော်ဝင်လို့မရဘူး။ ရပ်ကွက်ကရော မြို့နယ်ကရော လူအရင်းနဲ့တားတယ်။ လုပ်ခွင့်မရအောင် လုပ်တယ်။ ပြီးတော့မှ ၂၀၁၃ မှာ ဒေါ်စိန်ထွေး ကို သွင်းတယ်။ သွင်းပြီးတော့မှ အခု ဒီမှာလာပြီးတော့ ဟိုတုန်းကလည်း စပါး ဘယ်သူမှ မစိုက်ဘူး။ မြို့နယ်က (၁)နှစ် (၂) နှစ် ရန်ပုံငွေ စိုက်တယ်။ လွန်ခဲ့တဲ့ (၅)နှစ်ကစပြီး ရပ်ထားတယ်။ ခြံစည်းရိုးကာပြီး Project လုပ်ဖို့ အဲဒါကြီးကို ရန်ကုန်တိုင်း ကနေပြီးတော့ ဒေါ်စိန်ထွေး အတွက် လိမ်ပြီးတော့ (၁၄)နှစ်ခန့် စိုက်ပါတယ်ဆိုပြီးတော့ လယ်သမားနာမည်နဲ့လိမ်ပြီး ဒါရေးထားတဲ့ အကွက်ပဲ ဖြစ်ပါတယ်။

နောက်ဆုံး တစ်ပိုဒ် ပိုဆိုးပါသေးတယ်။ အစိုးရ သုဓမ္မသိဂီ ဒေါ်စိန်ထွေး တင်ပြသော မင်္ဂလာဒုံမြို့နယ် သဃ်န်းကျွန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၃၄)B ဦးပိုင်အမှတ် ၁/၈ ၁၁၂၊ ၁၁၃၊ ၁၁၄၊ ၁၁၅၊ ၁၁၆ ရှိ လယ်ယာမြေ ဧရိယာ (၄၅.၁၂)ဧကသည် မြို့ရွာနဲ့ အိုးအိမ်ဦးစီးဌာနမှ ဇေကမ္ဘာသို့ ထုတ်ခွင့်ပြုထားသော နှစ်(၆၀) ဂရန်မြေတွင် ပါဝင်နေသဖြင့် ကူညီဆောင်ရွက်ပေးပါရန် နိုင်ငံတော်သမ္မတသို့ တင်ပြမှုနှင့် ပတ်သက် ပြီးတော့ ဗဟိုလယ်ယာမြေ ခန့်ခွဲရေးအဖွဲ့မှ လယ်ယာမြေဥပဒေနဲ့အညီ စိစစ်ဆောင်ရွက်ရန် အကြောင်း ကြားခဲ့သည့်အပေါ် စုံစမ်းစစ်ဆေးရေးအဖွဲ့က ဖွဲ့စည်းပြီးတော့ စစ်ဆေးဆောင်ရွက်ဆဲ ဖြစ်သည်ဆိုပြီး တော့ ဒါ ကျွန်တော့်လုပ်ငန်းကို ဖမ်းပိတ်လိုက်တာ ဒါနဲ့ပတ်သက်လို့လည်း တင်ပြရရင် အခုပြောတဲ့ နံပါတ်တွေက ကျွန်တော့်နံပါတ် မဟုတ်ဘူး။ ဟိုဘက်က တပ်မတော်လယ်ယာမြေရဲ့ နံပါတ်၊ နောက်တစ်ခါ ဦးမြင့်ထွန်း တို့ စစ်တုန်းကလည်း ဗဟိုလယ်ယာမြေကို အတင်းအဓမ္မ ကျွန်တော်တို့ ဒီလောက်တားနေတဲ့ ကြားထဲကနေပြီးတော့ (၆)လပိုင်းမှာ ဗဟိုလယ်ယာမြေကို ဒေါ်စိန်ထွေး ပိုင်ဆိုင်မှုကို တင်လိုက်တယ်။ အဲဒီကကျလာရင် သူမတတ်နိုင်ဘူး။ ဒါနဲ့ ဦးမြင့်ထွန်းတို့ကပြောတယ်။ အဲဒါကို ခင်ဗျားတို့ ပြန်ရုပ်ပါ ဆိုတဲ့အချိန်မှာ သူတို့ ပြန်ရုပ်သိမ်းပေးလိုက်တယ်။ ပြန်ရုပ်သိမ်းပြီးတော့ အခုတစ်ခါ ပြန်ကြားချက်မှာ ဒေါ်စိန်ထွေးအတွက် ဆက်လက်ဆောင်ရွက်နေပါတယ်။ ဘာကြောင့်လည်းဆိုရင် သမ္မတဆီတင်ပြရလို့ သမ္မတဆီ တစ်ကမ္ဘာလုံး တစ်ပြည်လုံးက တင်ပြထားတယ်။ ဒီတစ်ခုကိုပဲ သူကအာရုံစိုက်ပြီးလုပ်တာ။ ဒါ ရိုးသားတယ် မရိုးသားဘူးဆိုတာ သဘောပေါက်ဖို့ ကျွန်တော် တင်ပြခြင်းဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော့်အနေနဲ့ အခု ကျွန်တော့်ဆီ ဒီစာရေးလိုက်တာ ဦးစိုးမြင့် ဒီ လယ်ယာဝန်ကြီး လယ်ယာနဲ့စိုက်ပျိုးရေးဝန်ကြီး ဝန်ကြီးချုပ်ကိုယ်စား ဆိုပြီးတော့ အောက်မှာလက်မှတ် ထိုးထားတယ်။ အဲဒီတော့ (စ)သုံးလုံး စစ်တုန်းက ဦးစိုးမြင့် က ကျွန်တော် မသိပါဘူး။ ဒီကိစ္စတွေ အကုန်လုံးကို (၇)လပိုင်း ကျတော့မှ လယ်ယာဗဟိုကော်မတီကို တင်ပြီး အခု စစ်တော့မှ အိုးအိမ်ဦးစီးဌာနက စာရလို့ သိတယ်လို့ပြောတယ်။ အရှေ့မှာအချက်ပေါင်း (၂၀)ကျော်သိနိုင်တဲ့ အချက်တွေ ကျွန်တော် တင်ပြထားတယ်။ ဘာကြောင့်လည်းဆို ဝန်ကြီးချုပ်ဆီ စာရေးတာတို့၊ မြို့နယ် စာရေးတာတို့ နောက်ပြီး ပြည်ထဲရေးဝန်ကြီး အကုန်လုံးကျွန်တော် မိတ္တူပေးထားတယ်။နောက် သူကိုယ်တိုင်လည်း မင်္ဂလာဒုံက ထွက်သွားတော့ ဒီနေရာသိတယ်။ ဒီက ပွဲစားတွေနဲ့သူပေါင်းတယ်၊ ပေါင်းပြီးတော့မှ ဒီဧရိယာကြီးက စက်မှုဇုန် လ/န-၃၉ မရသေးဘူးဆိုပြီးတော့ ဝင်လုံးတာ၊ ဝင်လုံးတာကနေပြီးတော့ အခု ကျွံသွားတဲ့အချိန်မှာ ပြန်ထွက်ဖို့ ကောင်းပြီ။ ဘာကြောင့်လည်းဆိုတဲ့အခါကျတော့ (စ)သုံးလုံးလည်း စစ်ပြီးပြီ၊ အဂတိလိုက်စားရေး ကော်မရှင် လည်း စစ်ပြီးပြီ ပြန်မထွက်ဘဲနဲ့ အခုချိန်ထိ ဆက်ပြီးတော့ ကျွန်တော့်ကို

Project တားပြီးတော့ ဒေါ်စိန်ထွေး ရရှိရေးအတွက်ကို ဖန်တီးနေတယ်။ နောက်တစ်ခါ ဆောင်ရွက်နေတယ်။ အဲဒါကို ရိုးသားတယ်လို့ နောက်တစ်ခါ အဂတိ မလိုက်စားဘူးလို့ ခေါ်လို့မရပါဘူး။ နောက်ပြီးတော့ ဒီခေတ်ဒီခါမှာက လမ်းကြောင်းမှန် သွားတာတောင်မှ ရေလောင်းရပါတယ်။ အခုဟာက ရှိသမျှအားလုံး စာရွက်စာတမ်းတွေကအစ လမ်းကြောင်းအမှားတွေ၊ နောက် စာရွက်စာတမ်း အတုလုပ်တယ်။ နောက် မြေပိုင်ဆိုင်ခွင့် မြို့နယ်မှာ အကုန် အတုလုပ်တယ်။ နောက်တစ်ခါ (စ)သုံးလုံးက စစ်တဲ့အချိန်မှာဝန်ထမ်း အငယ်တချို့က ပိုက်ဆံရပါတယ်။ (၃) ယောက်က ပြောတယ်။ ဒေါ်စိန်ထွေးတို့က ပိုက်ဆံမပေးရဘူးပြောတယ်။ အဲဒါကို အဂတိလိုက်စားရေးကော်မရှင် ဦးဆွန်ဒုတ်ကျင့် ခေါင်းဆောင်တဲ့အဖွဲ့က အဲဒါကြီးကို အဆုံးထိ မလိုက်ဘဲနဲ့ ထန်းပင်ပေါ်ကနေမေးတယ်။ ဒေါ်စိန်ထွေး ခင်ဗျားပိုက်ဆံပေးရလား။ ဟုတ်ကဲ့ ကျွန်မမပေးရဘူး။ ခင်ဗျားတို့ ပိုက်ဆံရလား။ ကျွန်တော် မရဘူး ဆိုတာနဲ့ ဒီကိစ္စကြီးက ဒီလိုမျိုးတိုးလိုးတန်းလန်း ဖြစ်ပြီးတော့ နောက်ဆုံး ရန်ကုန်တိုင်းအစိုးရက နေပြီးတော့ ကျွန်တော့်ကို ပြန်ပိတ်တဲ့ အခြေအနေထိ ရောက်သွားတယ်။ ဟိုက (စ)သုံးလုံး စစ်ထားတာ တစ်မျိုး၊ အခုဒီမှာ သူတို့ကျွန်တော်တို့ကိုရေးတာ တစ်မျိုးဖြစ်တဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့ တင်ပြရရင်တော့ ဒီပေါ်မှာ မသမာမှုတွေလည်း အများကြီးဖြစ်နိုင်တဲ့အတွက်ကြောင့် ကျွန်တော်တို့ ဦးမြင့်ထွန်း ခေါင်းဆောင်တဲ့ ကော်မတီကနေပြီးတော့ ပြည်သူတို့ရဲ့တိုင်ကြားစာဆိုင်ရာ ကော်မတီက နေပြီးတော့ ပြန်ပြီးစစ်ဆေးပြီးတော့ ဖော်ထုတ်ပေးပါလို့ ကျွန်တော် တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

မြေကွက်အမှတ် (၁၄၃)မြေတိုင်းမြေပုံ (စျစျ)




## ဇေကမ္ဘာကုမ္ပဏီမှ နှစ်(၆၀)ဂရန်ရရှိထားသော မြေနေရာအား အကောင်အထည်ဖော် ဆောင်ရွက်မည့်စီမံကိန်း PLAN ပုံ (ဈဈ-၁)




ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အမှုအမှတ် (မဂဒ- စီမံကိန်း မင်္ဂလာဒုံဥယျာဉ်မြို့တော် စီမံကိန်း ၅၃၄/၂၀၁၃)ဖြင့် (၂၃-၆-၂၀၁၃)ရက်နေ့တွင် ထုတ်ပေးထားသော နှစ်(၆၀) မြေငှားစာချုပ် (ဈဈ-၂)

**နှစ်(၆၀)မြေငှားစာချုပ်**

ဆောက်လုပ်ရေးဝန်ကြီးဌာနမှအမှုအမှတ် (မဂဒ-စီမံကိန်း မင်္ဂလာဒုံဥယျာဉ်မြို့တော် စီမံကိန်း၅၃၄/၂၀၁၃)ဖြင့် (၂၃.၆.၂၀၁၃)ရက်နေ့ တွင် ထုတ်ပေးထားသော နှစ်(၆၀)မြေငှားစာချုပ်။



**အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေ အစီရင်ခံစာ (၁/၂၀၁၅)ကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ရယူခြင်း**

**အချိန်၊ ၁၁း၃၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ အစီရင်ခံစာ (၁/၂၀၁၅)ကို အမျိုးသားလွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၅။**

**ဦးအောင်ချစ်လွင် (အဖွဲ့ဝင်၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ)။** ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်မှု အခြေအနေ အစီရင်ခံစာ (၁/၂၀၁၅) ကို အမျိုးသားလွှတ်တော်က သဘောတူလက်ခံပေးပါရန် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီဝင် ကျွန်တော် ဦးအောင်ချစ်လွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၁) က အဆိုတင်သွင်းအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၁း၃၆။**

**ဥက္ကဋ္ဌ။** ။ အဆိုကို အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူပါမယ်။ အမျိုးသား လွှတ်တော် ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က -

သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်ကသဘောတူတဲ့အတွက် အမျိုးသားလွှတ်တော်၊ ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာ ကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၃၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ။ မနက်ဖြန်ဆိုရင် ပြည်ထောင်စု လွှတ်တော်အစည်းအဝေးပဲ ရှိမှာဖြစ်ပါတယ်။ သန်ဘက်ခါ စနေနေ့၊ တနင်္ဂနွေနေ့၊ ဧပြီလ(၁၂)ရက် ကစ ပြီးတော့ နိုင်ငံတော်ရဲ့နှစ်သစ်ကူး ရုံးပိတ်ရက် (၁၀)ရက်၊ ဘယ်နေ့ထိလဲ၊ ဧပြီလ(၂၁)ရက်နေ့ထိ ဟုတ်ပြီနော်။ အဲဒီတော့ လွှတ်တော်ကို ခုန (၁၂)ကြိမ်မြောက်ကို ရပ်နားမှာလား။ ဒါမှမဟုတ်လည်း (၁၂)ကြိမ်မြောက်ထဲမှာပဲ ခေတ္တရပ်နားမှာလား။ ဘယ်နှစ်ရက်ရပ်နားမှာလည်းဆိုတာ ပြည်ထောင်စု လွှတ်တော်က အခုချိန်ထိ အတိအကျ ညှိနှိုင်းခြင်း မရှိသေးပါဘူး။ သာမန်အားဖြင့်တော့ တစ်လလောက် (၁၂)ကြိမ်ကိုပဲ တစ်လလောက် ရပ်နားမယ် ပြန်ခေါ်ရင်လည်း (၁၂)ကြိမ်ပဲလို့ သိပါတယ်။ ပြည်ထောင်စု

လွှတ်တော် အစည်းအဝေး မခေါ်မချင်း အမျိုးသားလွှတ်တော် အစည်းအဝေးလည်း မခေါ်ပါဘူး။ ဒီကြားထဲမှာ နှစ်သစ်ကူး အလှူဒါနပြုတဲ့ကိစ္စတွေ နောက်တစ်ခုက လွှတ်တော်ဥက္ကဋ္ဌက မှာကြားထားတဲ့ ဥပမိရုပ်မကောင်းတဲ့ ကျောင်းများကိစ္စတွေ၊ ပါတီတွင်း စည်းရုံးရေးလုပ်ငန်းကိစ္စတွေ၊ လွှတ်တော်ကိုယ်စားလှယ်များရဲ့ နယ်မြေဆင်းတဲ့ လုပ်ငန်းကိစ္စတွေ ဆောင်ရွက်ကြဖို့ မှာကြားလိုပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၄၄) ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၄၅) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၃၉။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၄) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၅) ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြိုတင်အကြောင်းကြားမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

အမျိုးသားပညာရေးဥပဒေကြမ်းကို ပြင်ဆင်တဲ့ ဥပဒေကြမ်းနဲ့ပတ်သက်လို့ ဆွေးနွေးမယ့် အမည်စာရင်းကိုလည်း လွှတ်တော်ပြန်စတဲ့ အချိန်အထိ ပေးသွင်းနိုင်ကြောင်း ပြောကြားပါတယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၄)ရက်မြောက်နေ့ကို ၁၁း၃၉ နာရီအချိန်တွင် ရပ်နားပါသည်။]